# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၄၁)၊ ၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်၊ ၉-၁-၂၀၂၅၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏။ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေး ကျင်းပ

# နိုင်ငံ၏စီးပွားရေးကို အထောက်အကူပြုစေမည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်လိုအပ်



နေပြည်တော် ဇန်နဝါရီ ၈

အမျိုးသား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၅) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဗဟိုကော်မတီအကြံပေးပုဂ္ဂိုလ်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်များ၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်း အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် စီးပွားရေးရာဝန်ကြီးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ယနေ့အစည်းအဝေးကို (၁/၂၀၂၄) ကြိမ်မြောက် ဗဟိုကော်မတီအစည်းအဝေးမှ ထွက်ပေါ်လာသည့် ဆွေးနွေးတင်ပြချက်များ၊ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု အခြေအနေများကို သိရှိသုံးသပ်နိုင်ရန်နှင့် ခရီးသွားရာသီကာလတွင် နိုင်ငံတကာခရီးသွားဧည့်သည်များ ပိုမိုရောက်ရှိရေး၊ ဝန်ကြီးဌာနနှင့်အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အရှိန်မြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးအဖြေရှာရန် ကျင်းပခြင်းဖြစ်ကြောင်း။

ကမ္ဘာ့ဒေသအသီးသီးတွင် ခရီးသွားဧည့်သည်များ ပိုမိုရောက်ရှိလာစေရန်အတွက် ခရီးသွားလုပ်ငန်းကဏ္ဍ စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုများတိုးချဲ့မှု၊ Visa ဖြေလျှော့မှု၊ လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းမှု၊ ဈေးကွက်မြှင့်တင်ရေး ပိုမိုလုပ်ဆောင်မှု၊ ခရီးစဉ်ဒေသများတွင် ခရီးသွားထုတ်ကုန်များ ဖော်ထုတ်မှု၊ Events များ လက်ခံကျင်းပမှု စသည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်လာကြသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့်လည်း နိုင်ငံ၏စီးပွားရေးကို အထောက်အကူပြုစေမည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းခရီးသွားများ လွယ်ကူချောမွေ့စွာ ခရီးသွားလာနိုင်ရေးနှင့် ပြည်ပခရီးသည်များ ပိုမိုလာရောက်ရေးတို့ကို အခြားနိုင်ငံများနည်းတူ အလေးထား ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ပြီး မိမိတို့၏ ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်များ၊ အမှတ်တရလက်ဆောင်ပစ္စည်းများကို တွင်တွင်ကျယ်ကျယ် အသုံးပြုပြီး ထိုမှတစ်ဆင့် ကုန်ချောပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေး၊ လိုအပ်သည့်နည်းစနစ်များ၊ ဗဟုသုတများနှင့်သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲ၊ ပြပွဲပြိုင်ပွဲများအား သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီများ အနေဖြင့် ခရီးသွားလုပ်ငန်း ကော်မတီ၏ လမ်းညွှန်မှုနှင့် ခရီးစဉ်ဒေသများ ရေရှည်ဖွံ့ဖြိုးရေး၊ သန့်ရှင်းသာယာလှပရေး၊ ဒေသထွက် အစားအသောက်များ၊ တိုင်းရင်းသားရိုးရာ အစားအစာများ၊ ကျန်းမာရေးနှင့်ညီညွတ်မှုရှိပြီး အဆင့်မီစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဒေသခံများနှင့် လက်တွဲပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးစဉ်များသည် လုံခြုံစိတ်ချ ဘေးအန္တရာယ်ကင်းစွာ သွားလာလည်ပတ်နိုင်သည့် ပကတိအခြေအနေမှန်ကို ခရီးသွားများ အချိန်တိုတိုအတွင်း ထိထိရောက်ရောက် သိရှိအောင် အဓိကထား ဆောင်ရွက်ကြရန်မှာ ကြားလိုကြောင်း၊ မိမိတို့နိုင်ငံ၏ ထူးခြားသည့် ခရီးသွားထုတ်ကုန်နှင့် ဝန်ဆောင်မှုများကိုလည်း Digital Platform များမှတစ်ဆင့် ကမ္ဘာ့ခရီးသွား အသိုက်အဝန်းက သိရှိနိုင်ရန်ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ယခင်ကျင်းပခဲ့သည့် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ အစည်းအဝေးများမှ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍ၏ လက်ရှိအခြေအနေများနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ဗဟိုကော်မတီ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဗဟိုကော်မတီသို့ တင်သွင်းလာသည့် အမှာစာများကို ဖတ်ကြားတင်ပြပြီး အတည်

စာမျက်နှာ ၃ သို့

**တိမ်အနည်းငယ် ဖြစ်ထွန်းမည်**

နေပြည်တော် ဇန်နဝါရီ ၈

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၉ ရက် ၊ ကြာသပတေးနေ့ ။

မန္တလေး နေ့စဉ်

## ဖြောင့်မတ်၊ မှန်ကန်၊ ရဲရင့်ဖို့ အစဉ်ကြိုးစားစို့

လောကတွင် ဖြောင့်မတ်မှန်ကန်ခြင်း၏အစသည် ရိုးသားမှုပင်ဖြစ်သည်။ ဖြောင့်မတ်မှန်ကန်စွာ တွေးတော၊ ကြံဆပြုတတ်သူသည်လူ့လောကထဲတွင် တည်ငြိမ်ရဲရင့်စွာ ရပ်တည်နိုင်မည်ဖြစ်သည်။ ကိုယ်တိုင်က ဖြောင့်မတ်မှန်ကန်မှုမရှိလျှင် အများနှင့် ဆက်ဆံရာတွင် စိုးရိမ်စိတ်များ လွှမ်းမိုးနေမည်ဖြစ်သည်။ ထို့ကြောင့်ဖြောင့်မတ် မှန်ကန်ခြင်း၊ ရဲရင့်တည်ငြိမ်ခြင်းတို့သည် အကြောင်းအကျိုးဆက်စပ်လျက်ရှိသည်ဟု ဆိုချင်ပါသည်။

တစ်ဖန် အကျင့်စာရိတ္တအနေဖြင့် ဆန္ဒာဂတိ၊ ဘယာဂတိ၊ ဒေါသဂတိ၊ မောဟာဂတိဟူသော အဂတိတရားလေးပါးကို ရှောင်ကြဉ်ခြင်း၊ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့မြဲစွာထိန်းသိမ်းခြင်း စသည်တို့ကို ပြုကျင့်ရမည်ဖြစ်သည်။ မရိုးသားသော အမူကိစ္စမှန်သမျှကို စိတ်အားဖြင့်လည်းကောင်း၊ နှုတ်အားဖြင့်လည်းကောင်း၊ ကိုယ်အားဖြင့်လည်းကောင်း မပြုအပ်ပေ၊ လူတိုင်းကိုပေးအပ်ထားသော ကတိသစ္စာမှန်သမျှကိုလည်း တည်ကြည်ရမည်ဖြစ်သည်။ သို့မှသာ ရိုးသားဖြူစင်ခြင်းသို့ရောက်မည်ဖြစ်သည်။ ရိုးသားဖြူစင်သူဖြစ်လျှင် ဖြောင့်မတ်မှန်ကန်စွာ ပြောဆိုဆက်ဆံရမည်လည်းဖြစ်သည်။

ကိလေသာတရားတွင် လောဘသည် နံပါတ်တစ်ဖြစ်သည်။ ရှိသင့်ရှိထိုက်သည်ထက် လောဘပြင်းထန်လာလျှင်ရမ္မက်ဟု ပညာရှိတို့က ဆိုထားပြန်သည်။ လောဘကြောင့် သူတစ်ပါးအသက်ကိုသတ်ခြင်း၊ သူတစ်ပါးပစ္စည်းတို့ကို မတရားရယူလိုခြင်း၊ သူတစ်ပါးသားမယားကိုတို့ကို ပြစ်မှားကျူးလွန်မိခြင်း စသည့် အကုသိုလ်ကံများကို ဆက်တိုက်ကျူးလွန်တတ်ကြသည်။ တစ်နည်းအားဖြင့် လောဘကြီးမားလွန်းလျှင် ရမ္မက်ဖြစ်ပြီးအရှက်ကြောက် ကင်းမဲ့လာတတ်ကြသည်။

ဤသည်တို့သည် ဖြောင့်မတ်မှန်ကန်ခြင်း၏ ဆန့်ကျင်ဘက်များပင်ဖြစ်သည်။ ဤကဲ့သို့ အခြေအနေမျိုးတွင် မိမိ၏ အမှားကို ပြုပြင်နိုင်ရန် ကြိုးစားရမည်ဖြစ်သည်။ မိမိ၏ ဘဝတွင် တတ်နိုင်သမျှ နောင်တနည်းပါးစေရန် ကြိုးစားသင့်သည်။ နောင်တဟူသည် မိမိ၏ အမှားကို ပြန်၍ဆင်ခြင်သတိကပ်ခြင်းလည်း ဖြစ်နိုင်သဖြင့် ကောင်းသောအရာဟုလည်း ဆိုနိုင်ပါသည်။

"ဆန်းလျှင် တစ်ချက်၊ ရိုးလျှင် တစ်သက်" "ကောက်သော် စားမလောက်၊ ဖြောင့်သော် စားမကုန်" စသော စကားလုံးများက ရိုးသားမှုရလဒ်ကို ဖော်ပြနေသည်။ ရိုးသားမှုသည် ကြီးမားသော အကျိုးကျေးဇူးကို ဖြစ်စေသကဲ့သို့ ဂုဏ်ယူစရာလည်း ကောင်းလှသည်။ ထိုသဘောကို ဆရာဇော်ဂျီက "ရိုးဂုဏ်ဖြောင့်ဂုဏ်၊ ယဉ်ကျေးဂုဏ်သည် လူ့ဘောင်လောက၊ နှစ်သာရသည့်"ဟူ၍ ရိုးသားမှု၏ဂုဏ်သည်သာလူ့ဘောင်လောက၏ အစစ်အမှန်ဖြစ်ကြောင်း မိန့်ဆိုခဲ့သည်။ ထို့ပြင်လူ့လောကတွင် ရိုးသားနေရုံနှင့် မပြီးသေး လူဟူ၍ ဖြစ်လာလျှင် မိမိ၏ဘဝတစ်လျှောက်လုံး ရပ်တည်ရှင်သန်မှုအတွက် လုပ်သင့်လုပ်ထိုက်သော ကိစ္စအဝဝကို လုပ်ဆောင်နေရမည်ဖြစ်သည်။ အချိန်နှင့်အမျှ လုပ်ဆောင်နေရန် လိုအပ်မည်ဖြစ်သည်။ ထို့ပြင် သတိနှင့်ယှဉ်ကာ လုပ်ဆောင်ကြရန် လိုအပ်မည်လည်းဖြစ်သည်။

သို့ဖြစ်ရာ လောကတွင် မှန်ကန်ခြင်း၊ ရဲရင့်ခြင်း၊ ရိုးဖြောင့်ခြင်း၊ သတိနှင့်ယှဉ်ကာ လုပ်ဆောင်ခြင်းတို့သည် တိုက်ရိုက်ဆက်စပ်နေရုံမျှမက အစဉ်ကြိုးစားအားထုတ်ရမည်ဖြစ်သည်။ ဤသည်မှာ လူသားတို့၏ စာရိတ္တမဏ္ဍိုင်ကိုပါ တည့်မတ်စေရန် အပြန်အလှန်အထောက်အကူပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ကျောက်ဆည်မြို့ နည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)တွင် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာစစ်ဆေးခြင်းများ ပြုလုပ်



**ကျောက်ဆည် ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဘဏ္ဍာနှစ်အလိုက် ဒေသန္တရစီမံကိန်း၏ ပင်မလုပ်ငန်းအစီအစဉ်က စီမံချက်ဝင်လုပ်ငန်းဖြစ်သော ဝန်းကျင်လေထု အရည်အသွေးတိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက နည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်)တွင် QM-09 တိုင်းတာရေးစက်ဖြင့် လေထုအရည်အသွေးများ တိုင်းတာစစ်ဆေးခဲ့သည်။

ကျောက်ဆည်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသော ဆာလ်ဖာဒိုင်အောက်ဆိုဒ်(SO2)၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်(NO2)၊ ကာဗွန်မိုနောက်ဆိုဒ်(CO)၊ လေထုအတွင်းမှာရှိသည့် အလွန်သေးငယ်တဲ့အမှုန်အမွှားများဖြစ်သည့် (PM 2.5 နှင့် PM 10)တို့ကို လေထုအရည်အသွေးတိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့် ရလဒ်များကို ပြည်သူများသိရှိနိုင်စေရန် ဒေသဆိုင်ရာ အစိုးရအဖွဲ့အစည်းများအား တင်ပြခြင်း၊ လူမှုမီဒီယာကွန်ရက်များမှ ထုတ်ပြန်ခြင်းများ ဆောင်ရွက်လျက် ရှိကြောင်းနှင့် အကြံပြုချက်များဖြစ်သည့် စွန့်ပစ်အမှိုက်များ လေဟာပြင်တွင် စည်းကမ်းမဲ့ မီးရှို့ခြင်းမှ ရှောင်ကြဉ်ပြီး 3Rs(Reduce၊ Reuse၊ Recycle) စနစ်အားလိုက်နာကျင့်သုံးခြင်း၊ အရိပ်ရလေကာပင်များစိုက်ပျိုးခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ထွက်ရှိမှုကို လျှော့ချနိုင်ရန်စက်တပ်ယာဉ်များ အလွန်အကျွံအသုံးပြုခြင်းမှ ရှောင်ကြဉ်ရန် ကျောက်ဆည်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လစဉ်ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

(၄၈၅)

(အပေါ်ဝဲပုံ)

၀-၀-၀-၀-၀

## ချောင်းကောက်ကျေးရွာအတွင်းရှိ အထွေထွေရောဂါဝေဒနာခံစားနေရသော လူနာများအား အခမဲ့ ကွင်းဆင်းကုသပေး

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၊ ချောင်းကောက်ကျေးရွာအတွင်းရှိ အထွေထွေရောဂါဝေဒနာလူနာများအား ရောဂါဝေဒနာခံစားရမှု သက်သာပျောက်ကင်းစေရန်အတွက် မင်းဘူးမြို့ပြည်သူ့ဆေးရုံအုပ်ကြီး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့က ယနေ့ နံနက်ပိုင်းက ချောင်းကောက်ကျေးရွာ တိုက်နယ်ဆေးရုံ၌ အခမဲ့ နယ်လှည့်ကွင်းဆင်းဆေးကုသပေးခဲ့သည်။

ထိုသို့ ဆေးကုသမှုတွင် မင်းဘူးမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ အေးမြဝင်း ဦးဆောင်သောသမားတော်(အထွေထွေ)၊ ခွဲစိတ်အထူးကုဆရာဝန်၊ သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်၊ မျက်စိအထူးကုဆရာဝန်၊ အရိုး အကြောရောဂါအထူးကုဆရာဝန်၊ ကလေးအထူးကုဆရာဝန်၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းအထူးကုဆရာဝန်၊ ဓာတ်မှန်အထူးကုဆရာဝန်အဖွဲ့ အစရှိသည့် အထူးကုဆရာဝန်ကြီးများ၊ သူနာပြုဆရာဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများသည် ရောဂါဝေဒနာခံစားနေရသော လူနာများအား သက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများကကြည့်ရှုကာ ရောဂါဝေဒနာများအား ကုသပေးခြင်းလုပ်ငန်းများနှင့် ဆေးဝါးများအား အခမဲ့ထောက်ပံ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အခမဲ့ကွင်းဆင်းဆေးကုသပေးနေမှုအား မကွေးတိုင်းဒေသကြီး သင်ကြားရေး



ဆေးရုံအုပ်ကြီးနှင့် အဖွဲ့ဝင်များ၊ အောင်လံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကာ ဆေးလာရောက်ကုသသည့် လူနာများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီက ပြည်သူ့ဆေးရုံတွင် လူနာများအား ဆေးကုသပေးနေမှုအခြေအနေများ၊ ဆေးဝါးများ အခမဲ့ထောက်ပံ့ပေးနေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

၀-၀-၀-၀-၀

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြ



**ပြင်ဦးလွင် ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇေယျာညီနှင့် ဝန်ထမ်းများ၊ ခရိုင်မီးသတ်ဦးစီးဌာနမှ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်း ဦးဆောင်သောအဖွဲ့နှင့် မီးသတ်ယာဉ်၊ မီးသတ်အထောက်အကူပစ္စည်းများနှင့်အတူ ဇန်နဝါရီ ၇ရက် နံနက်ပိုင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့ သရုပ်ပြမီးငြိမ်းသတ်မှုများအား ပြင်ဦးလွင်ခရိုင်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းပါဝင်၍ မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

(ဝဲပုံ) (၀၄၀)

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၆လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ သီရိလင်္ကာနိုင်ငံ သမ္မတ မစ္စတာ အနူရာ ကုမာရ ဒစ်ဆာနာယက ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား သမိုင်းဝင်ဆက်ဆံရေးသည် ရှေးရာစုနှစ်များစွာကတည်းက တည်ရှိခဲ့ပါသည်။ လွတ်လပ်ရေးရပြီးခေတ်နောက်ပိုင်းတွင် ဗုဒ္ဓဘာသာထုံးတမ်းအစဉ်အလာများနှင့် ယဉ်ကျေးမှုတို့တွင် နက်ရှိုင်းစွာအခြေခံလျက် ကဏ္ဍပေါင်းစုံနှင့် ခိုင်မာသည့် မိတ်ဖက်ဆက်ဆံရေးတို့ဖြင့် သံတမန်ဆက်ဆံရေးအား ဆယ်စုနှစ် ၇ ခုကျော် တည်ဆောက်ထားရှိပါသည်။ မိမိတို့၏ နီးကပ်သောယဉ်ကျေးမှုဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုနှင့် ပြည်သူများအကြား ခိုင်မာသော ထိတွေ့ဆက်ဆံမှုတို့ကြောင့် မိမိတို့ နှစ်နိုင်ငံ ပြည်သူများအနေဖြင့် များစွာအကျိုးခံစားရလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏လွတ်လပ်ရေးနေ့ကို မိမိတို့က ဂုဏ်ပြုသည့်အနေဖြင့် မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရန်နှင့် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများတွင် မိမိတို့၏ကြိုးပမ်းအားထုတ်မှုများ ခိုင်မာစေရန်အတွက် အဆွေတော်နှင့် နီးကပ်စွာလက်တွဲဆောင်ရွက်သွားမည်ဟု ထပ်လောင်းကတိကဝတ်ပြုပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်းနှင့် မြန်မာပြည်သူများ ဆက်လက်၍ ငြိမ်းချမ်းပြီး သာယာဝပြောမှုများပါစေကြောင်း ဆုမွန်ကောင်းများပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေး ပြည်ပအလုပ်အကိုင်ရေးရာနှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဗီဂျစ်သာ ဟီရတ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့သည် ကာလရှည်တည်တံ့လျက်ရှိသည့် ဗုဒ္ဓဘာသာအမွေအနှစ်၊ နက်ရှိုင်းသော ယဉ်ကျေးမှုဖလှယ်သည့်သမိုင်းကြောင်းနှင့် ခိုင်မာသော ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုတို့အပေါ် အခြေခံသည့် နှစ်နိုင်ငံဆက်ဆံရေးကို ထိန်းသိမ်းထားရှိပါသည်။ သံတမန်ဆက်ဆံရေးတည်ထောင်မှု (၇၅)နှစ်ကျော်ရှိလာပြီဖြစ်ရာ မိမိတို့၏ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွင် ကုန်သွယ်ရေး၊ စိုက်ပျိုးရေး၊ ကာကွယ်ရေး၊ ခရီးသွားလာရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုတို့ ပါဝင်လျက်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများတွင် မိမိတို့၏ဆက်ဆံရေးသည် ကုလသမဂ္ဂ၊ ဘင်္ဂလားပင်လယ်အော်ဒေသအတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (ဘင်းမ်စတက်)နှင့် အာဆီယံဒေသတွင်းဖိုရမ် (အေအာရ်အက်ဖ်)တို့တွင် မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုများက ထင်ဟပ်ဖော်ပြလျက်ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မြန်မာပြည်သူများ တိုးတက်၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းများပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်းနှင့် ကျန်းမာ၍ ကောင်းကျိုးများရရှိပါစေကြောင်း ဆုမွန်ကောင်းများပို့သအပ်ပါသည်။

## တာဝန်မှ အနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၅ / ၂၀၂၅

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ဦးစိုင်းလုံးဆိုင် အား ကျန်းမာရေးအရ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

❖ ရှေ့ဖုံးမှ

ပြုချက်ရယူသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ဗဟိုကော်မတီ အကြံပေးပုဂ္ဂိုလ်၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ စီးပွားရေးရာဝန်ကြီးများ၊ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များနှင့် တာဝန်ရှိသူများက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

# ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၈**

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။ **မိုး/ဇလ**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ (၁/၂၀၂၅) အစည်းအဝေး ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၈

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ (၁/၂၀၂၅) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးများက Virtual စနစ်ဖြင့် ပါဝင် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် တက်ရောက်လာကြသည့် ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၏ အဆိုပြုတင်ပြလာမှုကို အတည်ပြုပြီးပါက ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်အလိုက် စတင်ဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များကလည်း ဒေသတွင်း MSME များ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်ရန်၊ ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန် အတွက် ဒေသထွက်ကုန်များကို ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် လာရောက်ယှဉ်ပြိုင် ပြသရောင်းချခြင်းသည် အကျိုးရှိမည်ဟု ယုံကြည်ကြောင်း၊ ယခုဆွေးနွေးပွဲတွင် ကျင်းပရေးဦးစီးကော်မတီ၏ အတည်ပြုဆုံးဖြတ်ရန် ကိစ္စရပ်များကို ဆွေးနွေးအတည်ပြုမည်ဖြစ်သောကြောင့် တင်ပြလိုသည်များကို ပွင့်ပွင့်လင်းလင်းနှင့် လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြုပေးရန် ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး၊ ပြည်နယ် MSME အေဂျင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆပ်ကော်မတီများ ဖွဲ့စည်းမှု၊ ဆပ်ကော်မတီအလိုက် အဆိုပြုဖွဲ့စည်းမိန့်နှင့် ဆောင်ရွက်မည့် လုပ်ငန်းတာဝန်များ၊ ပြခန်းများ နေရာချထားမှုနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ပြခန်းများနှင့် ရိုးရာစားသောက်ခန်းများ ပါဝင်ပြသရောင်းချမည့် အခြေအနေများကို ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ အစည်းအဝေးကျင်းပ



နေပြည်တော် ဇန်နဝါရီ ၈

အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး အခြေအနေ လွှမ်းခြုံမှုနှင့်ပတ်သက်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အသက်ခြောက်လမှ ရှစ်နှစ်အရွယ်အထိ ၃၅ ဒသမ ၂၄ ရာခိုင်နှုန်းရှိကြောင်း၊ ၎င်းတို့အနက် အသက်သုံးနှစ်မှ ငါးနှစ်အထိ ၂၂ ဒသမ ၄၄ ရာခိုင်နှုန်းရှိပြီး အသက်ခြောက်နှစ်မှ ရှစ်နှစ်အထိ ၈၃ ဒသမ ၁ ရာခိုင်နှုန်းရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် မြို့နယ်တစ်မြို့နယ်တွင် စံပြမူလတန်းကြိုကျောင်းတစ်ကျောင်း ရှိရန်လိုအပ်သောကြောင့် ဆောက်လုပ်ရန်စီမံကိန်းကို ထည့်သွင်းရေးဆွဲထားကြောင်း၊ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကြီးကြပ်ရေးအဖွဲ့၏ "ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ"ကို အတည်ပြုထုတ်ပြန်နိုင်ခဲ့ပြီး ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့ကိုလည်း ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့အနေဖြင့် ကောက်ခံရမည့် အခကြေးငွေများ အတွက် ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက် ရယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များအနေဖြင့်လည်း ထုတ်ပြန်ထားပြီးဖြစ်သည့် ဘဏ္ဍာရေးလုပ်ထုံး၊ လုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များက ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေးဆိုင်ရာများကို လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးများ ကိုယ်စား လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူးက နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ကလေးသူငယ် ဖွံ့ဖြိုးရေးကဏ္ဍဆောင်ရွက်နေမှုများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Maxim RYZHENKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၈

ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး H.E.Mr.Maxim RYZHENKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ည ၉ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

ဧည့်သည်တော်နိုင်ငံခြားရေး ဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူများ ရန်ကုန်မြို့ အခြေစိုက် ဘယ်လာရုစ် ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံးမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ညစ်ညမ်းစာများကို ပုံနှိပ်၊ ထုတ်ဝေခဲ့သည့်အတွက် လုပ်ငန်းပိတ်သိမ်းထားသော ပုံနှိပ်သူနှင့်ထုတ်ဝေသူများစာရင်းအား အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် အောက်ဖော်ပြပါ ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဂ)ပါ ညစ်ညမ်းစာများကိုဖော်ပြခြင်း စည်းကမ်းချက်ကိုဖောက်ဖျက်၍ ဟီရိဩတ္တပ္ပကင်းသော၊ မြန်မာ့လူ့အဖွဲ့အစည်းက လက်မခံသော၊ လူငယ်များ၏ တွေးခေါ်မြော်မြင်မှုနှင့်ခံစားနားလည်မှုကို လွဲမှားစေနိုင်သော အကြောင်းအရာများကို ပုံနှိပ်၊ ထုတ်ဝေဖြန့်ချိခဲ့ကြောင်း တွေ့ရှိရပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူအမည် | ပုံနှိပ်သူ/ထုတ်ဝေသူ အမည်/မှတ်ပုံတင်အမှတ်/ စာပေတိုက် | ပုံနှိပ်သူ/ထုတ်ဝေသူ နေရပ်လိပ်စာ | အရေးယူဆောင်ရွက်မှု |
|---|---|---|---|---|---|
| (က) | "ကျွန်တော့နှလုံးသားထက်မှာ လိပ်ပြာတစ်ကောင် ခိုနားနေသည်" | Aung Khant | - ဦးရာဇာရဲထွဋ် ၁၀/သဖရ(နိုင်) ၀၇၀၀၈၁ (Right ပုံနှိပ်တိုက်-၀၁၃၃၇)<br>-ဒေါ်စိန်ကြည် ၁၂/လမန(နိုင်) ၀၂၀၈၂၁ (The Destiny Book House-၀၃၂၆၆) | - အမှတ်-၁၄/ မြေညီထပ်-ဘယ်)၊ ၁၀၉ လမ်း၊ ရဲစခန်းအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။<br>-တိုက်-၁၊ အခန်း-၄၀၁၊ အေးရိပ်မွန်-၈လမ်း၊ ၅ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများဖော်ပြခြင်း<br>-ထုတ်ဝေစာပေးပို့ရန် ပျက်ကွက်ခြင်း |
| (ခ) | "1500 Miles to You" | Mahuyar | -ဦးရာဇာရဲထွဋ် ၁၀/သဖရ(နိုင်) ၀၇၀၀၈၁ (Right ပုံနှိပ်တိုက်-၀၁၃၃၇)<br>-ဒေါ်စိန်ကြည် ၁၂/လမန(နိုင်) ၀၂၀၈၂၁ (The Destiny Book House-၀၃၂၆၆) | - အမှတ်-၁၄/ မြေညီထပ်-ဘယ်)၊ ၁၀၉လမ်း၊ ရဲစခန်းအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။<br>-တိုက်-၁၊အခန်း-၄၀၁၊ အေးရိပ်မွန်-၈လမ်း၊ ၅ရပ်ကွက်၊ လှိုင်မြို့နယ်၊ရန်ကုန်မြို့။ | -ညစ်ညမ်းစာများဖော်ပြခြင်း<br>-ထုတ်ဝေစာပေးပို့ရန် ပျက်ကွက်ခြင်း |
| (ဂ) | "အမုန်းနဲ့ပျိုးတဲ့ ချစ်ခြင်းအလင်္ကာ" | Mahuyar | - ဦးရာဇာရဲထွဋ် ၁၀/သဖရ(နိုင်) ၀၇၀၀၈၁ (Right ပုံနှိပ်တိုက်-၀၁၃၃၇)<br>-ဒေါ်စိန်ကြည် ၁၂/လမန(နိုင်) ၀၂၀၈၂၁ (The Destiny Book House-၀၃၂၆၆) | -အမှတ်-၁၄/ မြေညီထပ်-ဘယ်)၊ ၁၀၉လမ်း၊ ရဲစခန်းအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။<br>-တိုက်-၁၊ အခန်း-၄၀၁၊ အေးရိပ်မွန်-၈လမ်း၊ ၅ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများဖော်ပြခြင်း<br>-ထုတ်ဝေစာပေးပို့ရန် ပျက်ကွက်ခြင်း |
| (ဃ) | "မေတ္တာနှောင်သီ ချစ်ကြိုးချည်" | မြမိုရ် | - ဒေါ်အေးမြတ်မွန် ၉/ကပတ(နိုင်) ၁၉၉၇၀၅ (Yangon Printing Service)(လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ။)<br>-ဒေါ်ချိုဇင်သဲ ၁၂/ဒလန(နိုင်) ၀၇၅၇၅၅ (Maple စာအုပ်တိုက် - ၀၃၂၉၅) | - အမှတ်-၁၁၄၄၊ သုမနလမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။<br>-အမှတ်-၅/၂၆၀-ခ၊ ရွှေလျှံဗိုလ်လမ်း၊ ရာဇသင်္ကြန်ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိခြင်း<br>-ထုတ်ဝေစာပေးပို့ရန် ပျက်ကွက်ခြင်း |
| (င) | "Match Made in Clouds" | DIDI ZAW | -ဒေါ်အေးမြတ်မွန် ၉/ကပတ(နိုင်) ၁၉၉၇၀၅ (Yangon Printing Service) (လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ။)<br>-ဒေါ်ချိုဇင်သဲ ၁၂/ဒလန(နိုင်) ၀၇၅၇၅၅ (Maple စာအုပ်တိုက် - ၀၃၂၉၅) | - အမှတ်-၁၁၄၄၊ သုမနလမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတ မြို့နယ်၊ ရန်ကုန်မြို့။<br>-အမှတ်-၅/၂၆၀-ခ၊ ရွှေလျှံဗိုလ်လမ်း၊ ရာဇသင်္ကြန်ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိခြင်း<br>-ထုတ်ဝေစာပေးပို့ရန် ပျက်ကွက်ခြင်း |
| (စ) | "DISO"+Extra | RED IN PEACE | -ဒေါ်ဆုစန္ဒီသင်း (99 Printing) (လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ။)<br>-ဒေါ်လှိုင်ယမင်း ၁၂/ဒဂရ(နိုင်)၀၄၃၀၅၅ (ယွန်းစာပေ-၀၃၂၇၃) | - တိုက်-၂၂၁၊ ပထမထပ်၊ ၃၁လမ်း၊၁၁ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>-အမှတ်-၁၁၈၊ စွယ်တော်လမ်း၊ ၂၂ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိခြင်း<br>-ထုတ်ဝေစာပေးပို့ရန် ပျက်ကွက်ခြင်း |
| (ဆ) | "သက်ဆိုင်သူဦးဝေ" | Vi Vian | - ဒေါ်ဆုစန္ဒီသင်း (99 Printing) (လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ။)<br>-ဒေါ်လှိုင်ယမင်း ၁၂/ဒဂရ(နိုင်)၀၄၃၀၅၅ (ယွန်းစာပေ-၀၃၂၇၃) | - တိုက်-၂၂၁၊ ပထမထပ်၊ ၃၁လမ်း၊၁၁ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>-အမှတ်-၁၁၈၊ စွယ်တော်လမ်း၊ ၂၂ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိခြင်း<br>-ထုတ်ဝေစာပေးပို့ရန် ပျက်ကွက်ခြင်း |

၂။ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ဝေစာများအား ဖတ်ရှုလေ့လာစိစစ်၍ ကြပ်မတ်စိစစ်လျက်ရှိပါကြောင်းနှင့် အဆိုပါ ဥပဒေစည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်သော အထက်ဖော်ပြပါ ပုံနှိပ်သူနှင့်ထုတ်ဝေသူများအား ၂၀၂၄ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ရုပ်သိမ်းခြင်း၊ ၎င်းတို့၏ ထုတ်ဝေစာအုပ်များကို တရားမဝင်ထုတ်ဝေစာအဖြစ် ထုတ်ပြန်ကြေညာခြင်း၊ ဥပဒေနှင့်အညီတရားစွဲဆိုခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို လေးစားလိုက်နာကြရန်နှင့် ဥပဒေပါစည်းကမ်းချက်များကိုဖောက်ဖျက်၍ ပုံနှိပ်၊ ထုတ်ဝေခြင်းများကို ပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၈

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေ ပထမဆုရ "စောပုလဲမယ်"ရေးသားသည့် "ရွှေတိဂုံစေတီတော် ခေါင်းလောင်းတော်များ" စာအုပ်ကို ၂၀၂၅ခုနှစ် ဇန်နဝါရီလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ် (၅၂၉/ ၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

တစ်လေ့တည်းစီး
တစ်ခရီးတည်းသွား
တစ်စိတ်တည်းတစ်ဝမ်းတည်း
မကွဲပြားပြည်ထောင်စုရဲ့ နှလုံးသား


# ဆိုလာနည်းပညာမှသည် လျှပ်စစ်စွမ်းအင်ဆီသို့

ယခုအခါ ဆိုလာနည်းပညာသည် ကမ္ဘာနှင့်အဝန်း တွင်ကျယ်စွာအသုံးပြုလာနေသော နည်းပညာတစ်ခု ဖြစ်လာနေပါသည်။ လက်ရှိဆိုလာပစ္စည်း၊ ဈေးကွက်တွင်(N-type)နှင့် (P-type) solar cells ဟူသော ဝေါဟာရများကို တွေ့ဖူးမြင်ဖူးကြမှာ ဖြစ်ပါသည်။ အဆိုပါအမျိုးအစား နှစ်မျိုး၏ ပါဝါအထွက်၊ ကုန်ကျစရိတ်နှင့် စွမ်းဆောင်ရည်များမှာ ကွာခြားသဖြင့် ဆိုလာဆဲလ်များ၏ တည်ဆောက်ပုံနှင့် စွမ်းအင်ထုတ်လုပ်မှုများကို အနည်းငယ် ရှင်းလင်းတင်ပြလိုပါသည်။ ဆိုလာဆဲလ်ဆိုသည်မှာ လျှပ်စစ်ထုတ်လုပ်ရန်အတွက် (crystalline silicon wafer)ကို အခြားပစ္စည်းများနှင့် ပေါင်းစပ်ထားသော အရာဝတ္ထုတစ်ခုဖြစ်ပါသည်။ လက်ရှိအချိန်တွင် ဆိုလာဆဲလ်အမျိုးအစား နှစ်မျိုးရှိပါသည်။ (P-type Cells) နှင့် (N-Type Cells) တို့ ဖြစ်ကြပါသည်။

(P-type Cells) များတွင်(positive cha -rge)ကို ဖန်တီးရန် (silicone base with boron atoms) တစ်ခုပေါင်းထည့်ထားပါသည်။ လျှပ်စစ်စီးကြောင်းအတွက်(p-n junction)ကို ဖန်တီးရန် (wafer) ၏ (top silicone layer) ကို phosphorus (N-type)ဖြင့် ပေါင်းစပ်ထုတ်လုပ်ထားပါသည်။ (P-type cells) များသည် ဆိုလာပြားထုတ်လုပ်ရာတွင် အသုံးအများဆုံး အမျိုးအစားဖြစ်ပါတယ်။ အလွယ်ကူဆုံးပြောရလျှင် (N-Type Cells)များ၏ အခြေခံဖွဲ့စည်းတည်ဆောက်ပုံသည် (P-type Cells) များ၏ ဆန့်ကျင်ဘက် ဖြစ်ပါသည်။ (N-Type Cells) များတွင် (negative charge)ကို ဖန်တီးရန်အတွက် (silicone base with phosphorus atoms) တစ်ခု ပေါင်းထည့်ထားပါတယ်။ (N-type) ဆီလီကွန်ဆဲလ်များ၏ (top silicone layer) ကို (p-n junction) ဖွဲ့စည်းမှုအတွက် (boron) (P-type) ဖြင့် ပေါင်းစပ်ထားခြင်း ဖြစ်ပါသည်။

ဆိုလာဆဲလ်တည်ဆောက်ပုံမှတစ်ဆင့် စွမ်းအင်ထုတ်လုပ်မှုကို ဆက်လက်တင်ပြပေးလိုပါသည်။ ဆိုလာပြားများတွင် ဆိုလာဆဲလ်များစွာ ပါဝင်ပါသည်။ ဆိုလာဆဲလ်များတွင် (semicon-ductor) အလွှာများစွာပါရှိပါသည်။ နေရောင်ခြည်မှာလည်း (photon) များစွာပါရှိပါသည်။ (pho-ton) များသည် ဆိုလာပြားမျက်နှာပြင်ပေါ် ကျရောက်သောအခါ ဆိုလာဆဲလ်များ၏ (nega-tive layer)သည် ဤ(photon)များကို စုပ်ယူပါသည်။ (photon)သည် (positive charge) ဖြစ်သောကြောင့်(negative layer)က စုပ်ယူခြင်းဖြစ်ပါသည်။ (negative layer) မှ စုပ်ယူပြီးနောက် ဖိုတွန်မှ နျူကလီးယားဆဲလ်သို့ စွမ်းအင်လွှဲပြောင်းမှု (the transfer of energy from photons to the nuclear cell)ကြောင့်

## P-TYPE SOLAR CELLS




*BASIC DIAGRAM OF SOLAR CELL CONSTRUCTION

ဆိုလာပြား၏ အက်တမ်ဆဲလ်(the atomic cell of the solar panel) ကို (charge)လုပ်ခြင်း ဖြစ်ပေါ်လာပါသည်။ ထို့သို့ စွမ်းအင်ပြောင်းလဲမှုကြောင့်၊ (atom) အက်တမ်၏ (electrons) အီလက်ထရွန်များသည် ၎င်း၏အပြင်ဘက်အကျဆုံးအခွံမှ လွတ်မြောက်ပြီး ဆဲလ်၏ (positive layer) ဆီသို့ ရွေ့လျားသွားပါသည်။ နောက်ဆုံးတွင် ဆဲလ်၏ (positive)နှင့် (negative) အလွှာကြားမှာ (potential difference) ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။

ဆိုလာဆဲလ်များမှ စွမ်းအင်ထုတ်လုပ်မှုကိုတင်ပြပြီးနောက် ဆိုလာဆဲလ်များ၏ အလုပ်လုပ်နိုင်စွမ်းကို ဆက်လက်တင်ပြပေးလိုပါသည်။ (P-type panels) များတွင် (boron-oxygen) ချို့ယွင်းချက်ပါဝင်နေပါသည်။ ထို့ကြောင့် ဆဲလ်များ ဖွဲ့စည်းသောအခါတွင် (dissolved oxygen) ကြောင့် (under light exposure) အလင်းထိတွေ့မှုအောက်တွင် (recombination area with the boron)၊ (boron)နှင့် ပြန်လည်ပေါင်းစည်းသည့်နေရာကို ဖြစ်ပေါ်စေပါသည်။ ဤဖြစ်ရပ်ကို အလင်းကြောင့်ပျက်စီးခြင်း (light induced deg-radation) ဟုခေါ်ပြီး ၎င်းသည် ဆဲလ်များ၏စွမ်းဆောင်ရည်ကို လျော့နည်းစေပါသည်။ ထို့ကြောင့် (N-type) (panels)များသည်(p-type panels) များထက် ပိုမိုမြင့်မားသော လုပ်ဆောင်နိုင်စွမ်းရှိပါသည်။ အပူချိန်ခံနိုင်ရည်ရှိမှုကို နှိုင်းယှဉ်ကြည့်လျှင်လည်း (N-type) အမျိုးအစားများသည် (p-type) အမျိုးအစားများထက် အပူချိန်ပြောင်းလဲမှုများကိုခုခံရန် စွမ်းအားပိုရှိသည့်အတွက် အပူချိန်မြင့်သောဒေသများအတွက် ပိုမိုသင့်လျော်ပါသည်။ (N-type) အမျိုးအစားများသည် ဝယ်ယူသည့်အခါမှာ ကုန်ကျစရိတ်(p-type)အမျိုးအစားများထက် ပိုများသော်လည်း ဓာတ်အားထုတ်လုပ်သုံးစွဲနေသည့် သက်တမ်းတစ်လျှောက် စွမ်းဆောင်ရည်ပိုမိုမြင့်မားစွာ ရရှိစေပါသည်။ သက်တမ်းလည်း ပိုရှည်ပါသည် ထို့ကြောင့် (N-type) ဆဲလ်များကို ရွေးချယ်ခြင်းသည် ရေရှည်အတွက် ဆုံးဖြတ်ချက်ကောင်းတစ်ခုဖြစ်ပါသည်။ ယခုဆိုလျှင် (N-type) နှင့် (P-type' solar cells) ဟူသော ဝေါဟာရများကို အကြမ်းဖျဉ်း နားလည်သဘောပေါက်လောက်ပြီဟု ယူဆပါသည်။

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ဆိုလာနည်းပညာကို ပြောင်းလဲသုံးစွဲရန် ကြိုးစားဆောင်ရွက်လျက်ရှိကြရာ နိုင်ငံတကာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အေဂျင်စီ (IRENA)၏ အဆိုအရ အရှေ့တောင်အာရှနိုင်ငံများအနေဖြင့် (၂၀၃၀)ပြည့်နှစ်မတိုင်မီ ဆိုလာမှ (၁၂၅)မဂ္ဂါဝပ်အထိ ထုတ်လုပ်လာနိုင်ရန်လိုအပ်ကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက် (၂)ရပ်ဖြစ်သည့် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး" လုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် စဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ MSME လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေး၊ အရည်အသွေးမြင့်မားသည့် ပညာရေးစနစ် ဖြစ်ပေါ်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာစေရေးအတွက် လျှပ်စစ်ဓာတ်အားရရှိရေးသည် များစွာအရေးပါသည့်အတွက် တစ်နိုင်ငံလုံးမှ ပြည်သူအားလုံး သာတူညီမျှရရှိသုံးစွဲနိုင်ရေးအတွက် ရည်မှန်းချက်ထားကာ မူဝါဒများချမှတ်ပြီး "၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ရာနှုန်းပြည့်သုံးစွဲရရှိရေး"အတွက် စွမ်းအင်အရင်းအမြစ်အမျိုးမျိုးမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးနိုင်ရေးစီမံချက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင် အတည်ပြုခဲ့သော မြန်မာနိုင်ငံအမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ် (Nationally Determine Cotribution - NDC)အရ ၂၀၃၀ ပြည့်နှစ်တွင် ရေအားလျှပ်စစ်ပါဝင်မှု ၂၈ ရာခိုင်နှုန်း (၅၁၅၆ မဂ္ဂါဝပ်)၊ နေရောင်ခြည်နှင့် လေစွမ်းအင်ကဲ့သို့ ပြန်ပြည့်မြဲစွမ်းအင်ပါဝင်မှု ၁၁ ရာခိုင်နှုန်း (၂၀၀၀ မဂ္ဂါဝပ်) လျာထားရေးဆွဲထားပါသည်။ လက်ရှိအချိန်တွင် နေရောင်ခြည်စွမ်းအင်မှ ၃ ဒသမ ၃ ရာခိုင်နှုန်း ပါဝင်ထုတ်လုပ်လျက်ရှိပြီး ထပ်မံ၍ နေရောင်ခြည်နှင့် လေစွမ်းအင်တို့ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး စူးစမ်းလေ့လာနေမှုများကိုလည်း MOU၊ MOA ၊ LOA များ လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ရာ ၂၀၃၀ ပြည့်နှစ်တွင် နေနှင့် လေစွမ်းအင်ဖြင့် ဓာတ်အားထုတ်လုပ်နိုင်မှု ပါဝင်မှုအချိုးအစားသည် ရည်မှန်းထားသည့် ၁၁ ရာခိုင်နှုန်းကို ပြည့်မီရောက်ရှိလာမည် ဖြစ်ပါသည်။ ထိုသို့ရည်မှန်းချက်ထား အကောင်အထည်ဖော်ဆောင်ရွက်မှုများ၏ ရလဒ်တစ်စိတ်တစ်ပိုင်းဖြစ်သည့် သာစည်(၃၀ မဂ္ဂါဝပ်)သပြေဝ-၃ (၃၀ မဂ္ဂါဝပ်)နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများသည် Build Oper-ate -Own -BOO(တည်ဆောက်၊ လည်ပတ်၊ ပိုင်ဆိုင်)စနစ်ဖြင့် အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းတပ်ဆင်အင်အား (၆၀ မဂ္ဂါဝပ်)ဖြစ်ပြီး တစ်နှစ်လျှင် စုစုပေါင်း လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၄၈ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်၍ အိမ်ထောင်စုပေါင်း ၉၉,၀၀၀ ခန့်ကို လျှပ်စစ်ဓာတ်အားထပ်မံတိုးတက် ဖြန့်ဖြူးပေးနိုင်မှာလည်း ဖြစ်ပါသည်။ သပြေဝ-၃ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းကို (၁၃)လအတွင်း တည်ဆောက်ခဲ့ပြီး ထွက်ရှိလာသည့် ဓာတ်အားကို ၃၃ ကေဗွီ ဓာတ်အားလိုင်းဖြင့် ၂၃၀ ကေဗွီ သပြေဝပင်မဓာတ်အားခွဲရုံသို့ ၂၀၂၄ ခုနှစ်၊ မတ်လ ၃၀ ရက်တွင်လည်းကောင်း၊ သာစည်နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းကို (၁၄)လအတွင်း တည်ဆောက်ခဲ့ပြီး ထွက်ရှိလာသည့်ဓာတ်အားကို ၃၃ ကေဗွီဓာတ်အားလိုင်းဖြင့် ၂၃၀ ကေဗွီသာစည်ပင်မဓာတ်အားခွဲရုံသို့ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃၀ ရက်တွင်လည်းကောင်း အသီးသီးချိတ်ဆက်၍ ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ဓာတ်အားစနစ် ကွန်ရက်အတွင်းတွင် ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သော နေရောင်ခြည်စွမ်းအင်ကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အားများ ချိတ်ဆက်ပို့လွှတ်လျက်ရှိသည့် ဓာတ်အားပေးစက်ရုံ(၆)ရုံရှိရာမှ ထပ်မံ၍ (၂)ရုံမှ ထွက်ရှိသော ဓာတ်အားများကိုလည်း နိုင်ငံတော်ဓာတ်အား စနစ်အတွင်းသို့ ထပ်မံချိတ်ဆက်ပို့လွှတ်နိုင်ပြီ ဖြစ်သည့်အတွက် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ (၈)ရုံ၊ စုစုပေါင်း တပ်ဆင်စက်အင်အား (၂၄၀) မဂ္ဂါဝပ်အထိ တိုးတက်ထုတ်လုပ်လာနိုင်ပြီ ဖြစ်ပါသည်။ လက်ရှိအချိန်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် စွမ်းအင်အရင်းအမြစ်ပါဝင်မှုအချိုးအစား (Generation Mix)အားဖြင့် ရေအား(၄၅ ရာခိုင်နှုန်း)၊ သဘာဝဓာတ်ငွေ့ (၅၀ ရာခိုင်နှုန်း)၊ နေရောင်ခြည်(၃ ရာခိုင်နှုန်း)၊ ကျောက်မီးသွေး(၂ ရာခိုင်နှုန်း)တို့ဖြင့်သာ လျှပ်စစ်ဓာတ်အားထုတ်လုပ်လျက်ရှိပါသည်။

(ဆက်လက်ဖော်ပြပါမည်။)

မောင်မောင်စွယ်စုံထွန်း

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ




## Xiao Zhan နှင့် Gucci သုံးနှစ်တာ လက်တွဲထားကြ

တရုတ်အနုပညာရှင် ရှောင်းကျန့်နှင့် ကမ္ဘာကျော်ကုန်အမှတ်တံဆိပ် Gucci တို့ သုံးနှစ်တာ လက်တွဲခဲ့ကြပြီး Global Ad Campaign ငါးခုတွင် ပါဝင်ထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ရှောင်းကျန့်ပါဝင်ထားသည့် ပွဲတော်ငါးခုမှာ Gucci Link To Love Jewelry ၂၀၂၂ နှင့် ၂၀၂၃ ခုနှစ် Gucci Horsebit 1953 Loafer Shoes ၂၀၂၃ တွင် အာရှသားတစ်ဦးအဖြစ် ဂုဏ်ယူဖွယ်မြင် တွေ့ရသည်။

ရှောင်းကျန့်နှင့် Gucci Horsebit 1955 Bags ကို ၂၀၂၄ ခုနှစ်အတွင်း နှစ်ခုထုတ်ခဲ့ရာ Gucci Holiday gift ၂၀၂၄ တို့ဖြစ်ပြီး ဂူချီဘက်မှ ရှောင်းကျန့်ကို ကုန်အမှတ်တံဆိပ်သံတမန်အဖြစ် ခန့်အပ်ကြောင်း ကြေညာသည့်ရက်မှစလျှင် ငါးနှစ်ပြည့်မြောက်ခဲ့ပြီးဖြစ်သော်လည်း အမှန်တကယ် လှုပ်ရှားမှုများမှာ သုံးနှစ်သာ ရှိသေးသည်ဟု ဂူချီတာဝန်ခံက တရားဝင်ပြောကြားခဲ့သည်။

(SKY)

## Janara က Grand Prize ဆုရရှိသွား

နာမည်ကြီးအနုပညာရှင် စာရင်းဝင် ဂျန်နာရသည် ၂၀၂၄ ခုနှစ်အတွက် အနုပညာထူးချွန်ဆု Grand Prize ဆုရရှိသွားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင်ဖော်ပြသည်။

ဂျန်နာရသည် ဇာတ်ရုပ်တိုင်းကို သဘာဝကျကျ သရုပ်ဆောင်တတ်သူဖြစ်ပြီး The Good Partner တွင်လည်း ငွေနောက်လိုက်၍ အိမ်ထောင်ရေးပြိုကွဲရသည်ထိ ဖြစ်ခဲ့ရသည့် လက်တွေ့ဘဝနှင့် ထင်ဟပ်နိုင်သည်ကို ပြသနိုင်ခဲ့သည်။



ဂျန်နာရ၏ အနုပညာစွမ်းရည်မြင့်မားမှုကြောင့် အနုပညာထူးချွန်ဆုများစွာရရှိထားကာ ၂၀၂၄ ခုနှစ်တွင်လည်း Grand Prize ဆုကို ထပ်မံဆွတ်ခူးရရှိခဲ့ခြင်း ဖြစ်သည်။ (SKY)




## Alia Bhalt ၏ Jigra သတ္တိခဲမလေး ပရိသတ်အားပေးထား

ဘောလိဝုဒ်မင်းသမီး အာလီယာဘတ် ပါဝင်ထားသည့် Jigra သတ္တိခဲမလေးမှာ သည်းထိတ်ရင်ဖိုအက်ရှင်ရုပ်ရှင်သစ်ဖြစ်ပြီး ပရိသတ်အားပေးမှု 1MDb 7.0 ရရှိထားသည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်သစ်တွင် အာလီယာဘတ်က မောင်ဖြစ်သူကိုအရိပ်တကြည့်ကြည့် စောင့်ကြည့်သော အစ်မကြီးအဖြစ် ပါဝင်ထားသည်။

မောင်ဖြစ်သူမှာ ကြိုးစားသောလူငယ်ဖြစ်ပြီး ပရောဂျက်တစ်ခုအတွက် နိုင်ငံရပ်ခြားခရီးသွားရာမှ မူးယစ်မှုနှင့် အဖမ်းခံရပြီး ကြီးလေးသည့် ပြစ်ဒဏ်ချမှတ်ခံရမည့်ဘေးမှ မောင်ဖြစ်သူ ကို စွန့်စွန့်စားစား ကယ်ထုတ်ခဲ့ သည့် သတ္တိခဲမလေးအဖြစ် ပါဝင်ထားသည်။

(SKY)



## နာတာရှည် ကိုဗစ်-၁၉ ရောဂါခံစားရပြီးနောက်ပိုင်း၌ ပိုင်းရပ်စ်များ ဦးနှောက်ထဲ၌ ကပ်ငြိကျန်ရစ်နိုင်

နာတာရှည် ကိုဗစ်-၁၉ ရောဂါခံစားရပြီးနောက်ပိုင်း၌ ဆားစ်ကိုဗီတူးဗိုင်းရပ်စ်များ လူ့ဦးနှောက်ထဲ၌ ကပ်ငြိကျန်ရစ်နိုင်ကြောင်း ဂျာမနီနိုင်ငံမှ ဆေးသိပ္ပံပညာရှင်များ မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

မြူးနစ်မြို့ရှိ ဇီဝနည်းပညာများဆိုင်ရာအဖွဲ့အစည်း ညွှန်ကြားရေးမှူး ပါမောက္ခအလီအာတူး ဦးဆောင်သော ပညာရှင်များသည် နာတာရှည် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လေ့လာရာမှ ဦးနှောက်အမြေးပါးများနှင့် ဦးခေါင်းခွံရိုးတွင်းချဉ်ဆီများထဲတွင် ဆားစ်ကိုဗီတူးဗိုင်းရပ်စ်ရောဂါပိုးများ ကပ်ငြိကျန်ရစ်နေနိုင်ကြောင်း တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။


အဆိုပါရောဂါပိုးများသည် ဦးနှောက်ထဲတွင် အများဆုံး လေးနှစ်အထိ ကျန်ရှိနေနိုင်ပြီး ဗိုင်ဇာကာကွယ်ဆေးထိုးထားလျှင်မူ ကပ်ငြိနေသောသက်တမ်းတိုတောင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ (SCI)

## Clint Eastwood ၏ Juror2 ဝေဖန်မှုများစွာခံရ

ဝါရင့်မင်းသားကြီး ကလင့်အိဝုဒ်ပါဝင်သည့် ရုပ်ရှင်ဇာတ်ကားတိုင်း အဆုံးသတ်တွင်အမြဲလိုလို မေးခွန်းတစ်ခု ကျန်ရစ်ရာမှ Juror 2 တွင်လည်း ပရိသတ်များစွာကဝေဖန်ထား ကြကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် အဖြေသိနေသည့် ပုစ္ဆာတစ်ပုဒ်ကို အဖြေမည်သို့ရသည်ကိုအစအဆုံးထိ ပြန်ကြည့်နေရသည့်ခံစားမှုမျိုး ဖြစ်နေကြောင်း၊ ဇာတ်ကောင်နည်းနည်းနှင့် ဇာတ်အိမ်ကို အဆုံးထိ ချဲ့ကားထားကြောင်း ဝေဖန်ခဲ့ကြသော်လည်း သရုပ်ဆောင်နီကိုလပ်စ်ဟိုးကို ချီးကျူးထားကြသည်။

ပျင်းရိငြီးငွေ့စရာကောင်းသည်ဟုထင်ရပြီး အစဖွင့်ကတည်းက တစ်ဝက်ထိ ဇာတ်အိမ်ကို ပြန်ဖြည့်ပေးခဲ့ကာ၊ မသေချာမရေရာသောအဖြေများကိုပါ ပြန်ဖြည့်ချပေးထား၍ အချို့ပရိသတ်များက ကလင့်အိဝုဒ်၏ အဆုံးသတ်တိုင်း မေးခွန်းတစ်ခု ကျန်ရစ်စမြဲဖြစ်သည်ဟု မှတ်ချက်ပေးခဲ့ကြသည်။ (SKY)




## Adele ၏ Sky Fall ရုပ်ရှင်တွင် အကောင်းဆုံးဇာတ်ဝင်တေး ဂျိမ်းစဘွန်း၏ အော်စကာဆုရရှိထား

ကမ္ဘာကျော်အနုပညာရှင် အဒဲလ်သီဆိုထားသည့် Sky Fall ရုပ်ရှင်တွင် အော်စကာဆုရ အကောင်းဆုံးဇာတ်ဝင်တေးတစ်ပုဒ်ဖြစ်ခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

နာမည်ကျော် အင်္ဂလိပ်အဆိုတော် တေးရေးအဒဲလ်သည် ၁၉၉၈ မေလများဖြစ်ပြီး လေးနှစ်အရွယ်တွင် ဝေလလူမျိုး ဖခင်ကွယ်လွန်၍ မိခင်နှင့် ကြီးပြင်းခဲ့ရကာ Performing Art and Technology မှ ဘွဲ့ရပြီး ဂီတလောကသို့ ရောက်ရှိခဲ့သည်။

၂၀၀၈ ခုနှစ်တွင် 19 နှင့် အောင်မြင်ခဲ့ပြီး ပလက်တီနမ်ဆု အင်္ဂလန်တွင် ၇ကြိမ်၊ အမေရိကန်တွင် ၂ ကြိမ်ရခဲ့ကာ ၂၀၁၁ ခုနှစ်တွက် 21အယ်လ်ဘမ်နှင့် ပလက်တီနမ် ၁၆ ဆုကို အင်္ဂလန်တွင် ရရှိ ခဲ့သည်။

ဂျိမ်းစ်ဘွန်းရုပ်ရှင် Sky Fall တွင်သီဆိုခဲ့သည် ဇာတ်ဝင်တေးမှာ အော်စကာဆုကို ၄၇နှစ်အတွင်း ဂျိမ်းစ်ဘွန်းဇာတ်ကားများအတွက် ပထမဆုံးရရှိခဲ့ခြင်းဖြစ်သည့်အပြင်ယင်းသီချင်းကိုရုပ်ရှင်ထုတ်လုပ်သူနှင့် အဒဲလ်ပူးတွဲရေးသားခဲ့ပြီး အကယ်ဒမီရွှေကမ္ဘာလုံးဆု ရရှိခဲ့သည်။

ကမ္ဘာ့သြဇာအရှိဆုံး အမျိုးသမီးစာရင်းဝင် အဒဲလ်ကို Blues နှင့် Jazz ပညာရှင်ဟုသတ်မှတ်ခံရကာ၂၀၂၄စာရင်းအရ ချမ်းသာကြွယ်ဝသူစာရင်းဝင်ဖြစ်ခဲ့ပြီး ဂရမ်မီခြောက်ဆုပိုင်ရှင် ဖြစ်သည်။



(SKY)

## Sydney Sweeney က Christy Martin နေရာမှ သရုပ်ဆောင်ရန် ပြင်ဆင်

အမေရိကန်လက်ဝှေ့မယ်တစ်ဦး၏ ဖြစ်ရပ်မှန်ကို ရိုက်ကူးမည့် ရုပ်ရှင်တွင် ဆက်နေဆီွနေက ခရစ္စတီးမာတင်လက်ဝှေ့မယ်နေရာမှ သရုပ်ဆောင်ရန်ပြင်ဆင်နေသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အမျိုးသမီး ရှော့ကီဟုတင်စားခံရသည့် ခရစ္စတီးမာတင်၏ အတ္ထုပ္ပတ္တိကို သြစတြေးလျဒါရိုက်တာ ဒေးဗစ်မီချိဒ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဆက်နေဆီွနေက ယင်းဇာတ်ကောင်အတွက် ပြင်ဆင်နေပြီဖြစ်သည်။

အဆိုပါရုပ်ရှင်ဇာတ်ညွှန်းကို ဒေးဗစ်မီချိဒ်နှင့်အတူ မီရပ်ဖောကစ်တို့ ပူးတွဲရေးသားထားပြီး ဆက်နေဆီွနေက အဓိကဇာတ်ကောင်နေရာမှ ပါဝင်ထားသည်။

(SKY)



# ဂရင်းလန်ကျွန်းနှင့် ပနားမားတူးမြောင်း ထိန်းချုပ်ရေးကိစ္စ သတင်းစာရှင်းလင်းပွဲ၌ ထရမ့် ထပ်လောင်းပြောကြား

**ဝါရှင်တန် ဇန်နဝါရီ ၈**

ဂရင်းလန်ကျွန်းနှင့် ပနားမားတူးမြောင်း ထိန်းချုပ်ရေးကိစ္စနှင့် ပတ်သက်၍ မာရာလာဂိုစံအိမ်တွင် ဇန်နဝါရီ ၇ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ဒေါ်နယ်လ်ထရမ့်က ထပ်လောင်းပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



၄င်းအာဏာရပြီးလျှင် ဂရင်းလန်ကျွန်း သို့မဟုတ် ပနားမားတူးမြောင်းကို စစ်ရေးနည်းလမ်းဖြင့် ထိန်းချုပ်ရန် ဆုံးဖြတ်မလား၊ စီးပွားရေးနည်းလမ်းဖြင့် ထိန်းချုပ်ရန် ဆုံးဖြတ်မလားဟု သတင်းထောက်များက ထိုသတင်းစာရှင်းလင်းပွဲ၌ မေးခွန်းထုတ်ခဲ့ကြသည်။

မည်သည့်နည်းလမ်းသုံးမည်ဟု တပ်အပ်မပြောနိုင်သော်လည်း မိမိတို့နိုင်ငံ၏ စီးပွားရေးဆိုင်ရာ လုံခြုံရေးအတွက် ထိုနှစ်နေရာစလုံးကို လိုအပ်သည်ဟု ပြောနိုင်ကြောင်း ထရမ့်က တုံ့ပြန်ဖြေကြားသည်။

မည်သို့ပင်ဖြစ်စေ ဂရင်းလန်ကျွန်းကို ပိုင်ဆိုင်သော ဒိန်းမတ်နိုင်ငံနှင့် ပနားမားတူးမြောင်းကို စီမံခန့်ခွဲနေသော ပနားမားနိုင်ငံတို့က ထရမ့်ကို ကြိုတင်ငြင်းဆိုခဲ့ကြပြီးဖြစ်သည်။

ကနေဒါနိုင်ငံကိုပင်လျှင် အမေရိကန်ပြည်ထောင်စု၏ နယ်အဖြစ် ပြောင်းလဲသင့်သည်ဟု ပြောကြားခဲ့ဖူးသည့် ကိစ္စနှင့်ပတ်သက်၍လည်း ထရမ့်က ရှင်းပြခဲ့ကြောင်း သိရသည်။

**Mon**



# ခရစ်ရှာဖရီးလန်း၊ အနီတာအနန်းနှင့် မာ့ခ်ကာနေး သုံးဦးအနက်မှ တစ်ဦးဦး ကနေဒါဝန်ကြီးချုပ် ဖြစ်လာနိုင်

**အော့တဝါ ဇန်နဝါရီ ၈**

ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူဒိုး အနေဖြင့် ကိုးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အာဏာရ လစ်ဘရယ်ပါတီဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်လိုက်ပြီဖြစ်ရာ ဝန်ကြီးချုပ်ရာထူးတာဝန်ကိုလည်း စွန့်ရတော့မည်ဖြစ်သည်။

ပါတီဥက္ကဋ္ဌသစ် တင်မြှောက်မပြီးခင်အထိ ဂျပ်စတင်ထရူဒိုး ဝန်ကြီးချုပ်တာဝန် ဆက်လက်ထမ်းဆောင်ပေးကာ ဥက္ကဋ္ဌသစ် တင်မြှောက်ပြီးလျှင်မူ ရာထူးတာဝန်များကို လွှဲပြောင်းပေးရပေလိမ့်မည်။

လစ်ဘရယ်ပါတီ ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရရန် အလားအလာအရှိဆုံးလူမှာ ခရစ်ရှာဖရီးလန်း၊ အနီတာအနန်းနှင့် မာ့ခ်ကာနေးတို့ သုံးဦးဖြစ်ရာ ၄င်းတို့အနက်မှ တစ်ဦးဦး ဝန်ကြီးချုပ်ဖြစ်လာနိုင်သည်ဟု သုံးသပ်နေကြသည်။

ထရူဒိုးအနေဖြင့် မာခ့်ကာနေးကို ထောက်ခံပေးဖွယ်ရှိသော်လည်း အများစုက မနှစ်သက်သဖြင့် ဒုတိယဝန်ကြီးချုပ်အဆင့်အထိ ရောက်ရှိခဲ့သော ခရစ်ရှာဖရီးလန်းနှင့် ရည်မှန်းချက်ကြီးမားသော အနီတာအနန်းတို့နှင့် အဓိကယှဉ်ပြိုင်ရနိုင်ကြောင်း သိရသည်။

**Mon**



# တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယူးလ်ကို ဖမ်းဆီးရန် ဒုတိယအကြိမ် ထပ်မံကြိုးစားသော်လည်း မအောင်မြင်

**ဆိုးလ် ဇန်နဝါရီ ၈**

ဇန်နဝါရီ ၈ ရက်က တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယူးလ်ကို ဖမ်းဆီးရန် ရဲတပ်ဖွဲ့ဝင်များနှင့် အကျင့်ပျက်စုံစမ်းရေးရုံးမှ တာဝန်ရှိသူများ ပူးပေါင်းကာ ဒုတိယအကြိမ် ထပ်မံကြိုးစားသော်လည်း မအောင်မြင်ဘဲ လှည့်ပြန်ခဲ့ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မူလဖမ်းဝရမ်းကို ဆိုးလ်အနောက်ပိုင်းခရိုင်တရားရုံးက သက်တမ်းတိုးပြီး နောက်တစ်နေ့တွင် ယွန်းကို ဖမ်းဆီးရန် ယင်းကဲ့သို့ နောက်တစ်ကြိမ် ကြိုးစားခဲ့ခြင်းဖြစ်သည်။

သမ္မတအိမ်တော်ဝင်းထဲတွင် ယွန်း မရှိတော့ဘဲ ပြင်ပသို့ တိတ်တဆိတ်ထွက်ပြေးသွားပြီဟု ပါလီမန်အမတ်တချို့ကလည်း သတင်းလွှင့်ပြောဆိုလျက်ရှိသဖြင့် ရဲစုံထောက်များလည်း ထင်ယောင်ထင်မှား ဖြစ်နေကြသည်။

ယခုအကြိမ်တွင် ယွန်းကို အမိဖမ်းနိုင်လိမ့်မည်ဟု အကျင့်ပျက်မှုစုံစမ်းရေးမှူးချုပ် အိုဒေါင်ဝန်းက ပါလီမန်တွင် ထုတ်ဖော်ပြောကြားပြီးနောက် လူအင်အားဖြည့်တင်းကာ ရောက်လာခဲ့ကြသော်လည်း ယွန်းဘက်မှ အားပေးထောက်ခံသော အရပ်သားများ၊ လက်နက်ကိုင်ဆောင်ထားသည့် သမ္မတလုံခြုံရေးကိုယ်ရံတော်တပ်ဖွဲ့ဝင်များ၊ စစ်ဘက်လုံခြုံရေးတပ်ဖွဲ့ဝင်များ အင်အားရာနှင့်ချီ၍ ပိတ်ဆို့ဟန့်တားထားကြသဖြင့် လှည့်ပြန်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

# လျှင်ဘေးသင့်ခဲ့သော တိဘက်ဒေသသို့ ကယ်ဆယ်ရေးသမားများ ရောက်ရှိနေကြ

**ပေကျင်း ဇန်နဝါရီ ၈**

ယမန်နေ့က ငလျင်ဘေးသင့်ခဲ့သော တိဘက်ဒေသသို့ တရုတ်ကယ်ဆယ်ရေးသမားများ ရောက်ရှိကာ ကယ်ဆယ်ရေးလုပ်ဆောင်နေကြပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကယ်ဆယ်ရေးသမားပေါင်း ၁၄၀၀ ကျော်တို့က အပျက်အစီးများအောက်တွင် ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်လျက်ရှိသည်။

အခင်းဖြစ်နေရာသို့ တရုတ်ဒုတိယဝန်ကြီးချုပ် ကျန်းကွယ်ချင်းကိုယ်တိုင် လာရောက်ကြည့်ရှုပြီး ကယ်ဆယ်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀



# ပြင်သစ်နိုင်ငံရေးသုခမိန် ယန်းမာရီးလီပန်း အသက် ၉၆ နှစ်အရွယ်တွင် ကွယ်လွန်

**ပဲရစ် ဇန်နဝါရီ ၈**

ပြင်သစ်လက်ယာဝါဒီ နိုင်ငံရေးသုခမိန် ယန်းမာရီးလီပန်း ဇန်နဝါရီ ၇ ရက်က အသက် ၉၆ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်ဟု ၄င်း၏မိသားစုက အတည်ပြုကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ငါးကြိမ်တိုင်တိုင် ပြင်သစ်သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်အရွေးခံဖူးသော လီပန်းသည် မျိုးချစ်စိတ်ထက်သန်လွန်းသူဖြစ်ခဲ့သည်။

၄င်းနိုင်ငံရေးလောကမှ အနားယူပြီးနောက် သမီးဖြစ်သူ မာရင်းလီပန်းက ၄င်း၏ အရိုက်အရာ ဆက်ခံခဲ့ကြောင်း သိရသည်။

**Mon**





အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျယ်လိစ်မြို့ ဆင်ခြေဖုံးရပ်ကွက်များဘက်သို့ တောမီးများ ဦးတည်တောက်လောင်လာသဖြင့် ဇန်နဝါရီ ၇ ရက်က ဒေသခံများ ဘေးလွတ်ရာသို့ ရှောင်တိမ်းနေကြစဉ်။ **Mon**

**STOP AIDS**

# အေစီအနာဂတ်ကုမ္ပဏီ၏ ရွေ့လျားအိမ်သုံးမျိုးကို ပင်နင်ဖာရီနာကုမ္ပဏီက ဒီဇိုင်းပန်တီးရေးဆွဲပေးထား

**ဝါရှင်တန် ဇန်နဝါရီ ၈**

အမေရိကန်အခြေစိုက် အေစီအနာဂတ်ကုမ္ပဏီ၏ ရွေ့လျားအိမ်သုံးမျိုးကို အီတလီနိုင်ငံမှ ပင်နင်ဖာရီနာကုမ္ပဏီက ဒီဇိုင်းဖန်တီးရေးဆွဲပေးထားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကားနောက်တွဲအိမ်များကို ရှေးရိုးပုံစံများမှ ခွဲထွက်ကာ မှတ်ဉာဏ်တုနည်းပညာ၏ အကူအညီဖြင့် ပုံစံပြောင်းလဲထားခြင်းဖြစ်သည်။

ယင်းရွေ့လျားအိမ်သုံးမျိုး၏ပုံစံကို အေစီအနာဂတ်ကုမ္ပဏီက ဖော်ထုတ်ပြသခဲ့ပြီးနောက် ယခုနှစ်အတွင်း လတ်စ်ဗီးဂတ်စ်မြို့တွင် မိတ်ဆက်ပြသသွားမည်ဟု ဆိုသည်။

အဆိုပါရွေ့လျားအိမ်များတွင် နေစွမ်းအင်ဆိုလာပြားများဖြင့် လျှပ်စစ်ဓာတ်အားထုတ်နိုင်မည့်စနစ် တပ်ဆင်ပေးထားရာ ရပ်နားသည့် နေရာတွင် အစားအစာချက်ပြုတ်စားသောက်ရန်နှင့် မီးထွန်းရန် အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**Mon**



## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

### ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
**မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

### လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

### ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
(ခ) နိုင်ငံ့ဝန်ထမ်းများ။
(ဂ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဒိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။




## လီကန်အင်အား ခေါ်ယူရန် ပရီးမီးယားလိဂ်ကလပ်အသင်းများ အပြိုင်စိတ်ဝင်စား



**လန်ဒန် ဇန်နဝါရီ ၈**

ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် မန်ချက်စတာယူနိုက်တက်အသင်းနှင့် နယူးကာဆယ်အသင်းတို့သည် ပီအက်စ်ဂျီအသင်း ကွင်းလယ်တိုက်စစ်ကစားသမား လီကန်အင်အား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကစားသမားသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၆၀ကစားပြီး ၁၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းကလည်း လီကန်အင်အတွက် ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းနှင့် နယူးကာဆယ်အသင်းတို့အနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ပီအက်စ်ဂျီအသင်းထံမှ လီကန်အင်အား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ဝဲပုံ) (NGB)



## အီဗာနယ်ဆင် ခြေချောင်းရိုးဒဏ်ရာကြောင့် ရက်သတ္တပတ်အတန်ကြာ အနားယူရဖွယ်ရှိ

**လန်ဒန် ဇန်နဝါရီ ၈**

ဘုန်းမောက်အသင်းတိုက်စစ်မှူး အီဗာနယ်ဆင် ခြေချောင်းရိုးဒဏ်ရာကြောင့် ရက်သတ္တပတ်အတန်ကြာ အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တိုက်စစ်မှူးသည် ဘုန်းမောက်အသင်းက အဲဗာတန်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး အီဗာနယ်ဆင် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘုန်းမောက်အသင်း တိုက်စစ်ပိုင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူး အီဗာနယ်ဆင်သည် ဘုန်းမောက်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ပွဲ ၂၀ကစားပြီး ၅ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(အပေါ်ပုံ) (NGB)

## စီရော်နယ်လ်ဒို အယ်လ်နာဆာအသင်းတွင် ဆက်ရှိသွားမည်

**လန်ဒန် ဇန်နဝါရီ ၈**



အယ်နာဆာအသင်း တိုက်စစ်မှူး စီရော်နယ်လ်ဒိုက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပထိပ်သီးကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် အယ်နာဆာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၉ပွဲကစားပြီး ဂိုး ၈၀ထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၃၉)နှစ်အရွယ်ရှိ စီရော်နယ်လ်ဒိုက 'ကျွန်တော် ဒီအသင်းမှာ ဆက်ရှိသွားမှာပါ။ ဒီအသင်းမှာ ပျော်ရွှင်နေပါတယ်။ အယ်လ်နာဆာအသင်းနှင့်အတူ ဆုဖလားတွေ ရရှိအောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်'ဟု ပြောသည်။

(အပေါ်ပုံ) (NGB)

## 2025 ASB Classic Scores တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Gael Monfils တက်ရောက်

**လန်ဒန် ဇန်နဝါရီ ၈**

နယူးဇီလန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 ASB Classic Scores တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ပြင်သစ်တင်းနစ်ကစားသမား Gael Monfils တက်ရောက်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ပြင်သစ်တင်းနစ်ကစားသမား Gael Monfils သည် 2025 ASB Classic Scores တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား Jan-Lennard Struff အား ၆-၁၊ ၇-၆ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 ASB Classic Scores တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Gael Monfils နှင့် အာဂျင်တီးနားတင်းနစ်ကစားသမား Facundo Diaz Acosta တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)



## ဆွန်ဟောင်မင် စပါးအသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆို

**လန်ဒန် ဇန်နဝါရီ ၈**



စပါးအသင်းသည် အသင်းတိုက်စစ်မှူး ဆွန်ဟောင်မင်အား စာချုပ်ပါအချက်အလက်အတိုင်း တစ်နှစ် သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် စပါးအသင်းက အလျင်အမြန် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဆွန်ဟောင်မင်သည် စပါးအသင်းနှင့်အတူ ၂၀၁၅-၂၀၁၆ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၃၁ ပွဲကစားပြီး ၁၆၉ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဆွန်ဟောင်မင်က 'ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာ ရရှိအောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ'ဟု ပြောသည်။

(အပေါ်ပုံ) (NGB)

## မာ့ခ်ဂူဟီအား ခေါ်ယူရန် ချဲလ်ဆီးအသင်း အလျင်အမြန် စီစဉ်

**လန်ဒန် ဇန်နဝါရီ ၈**

ချဲလ်ဆီးအသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်း နောက်ခံကစားသမား မာ့ခ်ဂူဟီအား ခေါ်ယူရန် အလျင်အမြန် စီစဉ်လျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၄ ပွဲကစားကာ ၇ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။



ခရစ္စတယ်ပဲလေ့စ်အသင်းကလည်း မာ့ခ်ဂူဟီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းအနေဖြင့် လက်ရှိ ဈေးကွက်အတွင်းတွင် ခရစ္စတယ်ပဲလေ့စ်အသင်းထံမှ မာ့ခ်ဂူဟီအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(အပေါ်ဝဲပုံ) (NGB)

## အီဆက်ခ် နယူးကာဆယ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ သွင်းဂိုး ၅၀ပြည့်မြောက်

**လန်ဒန် ဇန်နဝါရီ ၈**

နယူးကာဆယ်အသင်း တိုက်စစ်မှူး အီဆက်ခ် အသင်းနှင့်အတူ ပြိုင်ပွဲစုံ သွင်းဂိုး ၅၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် နယူးကာဆယ်အသင်းက အာဆင်နယ်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးတစ်ဂိုးသွင်းယူပေးပြီးနောက် ယခုလို သွင်းဂိုး ၅၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး အီဆက်ခ်သည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅



ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၉ပွဲကစားပြီး ဂိုး ၅၀ထိ သွင်းယူနိုင်ခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ အီဆက်ခ်က 'ကျွန်တော် အခုလို အသင်းနဲ့ ပြိုင်ပွဲစုံ သွင်းဂိုး ၅၀ ပြည့်မြောက်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို သွင်းဂိုးတွေအပြင် အသင်းနဲ့အတူ ဆုဖလားတွေ ဆွတ်ခူးနိုင်အောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ'ဟု ပြောသည်။ (ဝဲပုံ) (NGB)

**ဘောလုံးသတင်းအတိုအထွာများ**

* ဒေါ့မွန်အသင်းသည် မန်ချက်စတာယူနိုက်တက်အသင်းမှ ထွက်ခွာဖွယ်ရှိသော မားကပ်ရပ်ရှ်ဖို့ဒ်အား အငှားဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

* ဘာစီလိုနာအသင်းသည် လီယွန်နယ်မက်ဆီအသုံးပြုခဲ့သည့် အဝတ်လဲခန်းအတွင်းမှ ဗီရိုအား ဒေါ်လာ ၃ သိန်းခွဲဖြင့် လေလံတင်ရောင်းချသွားမည် ဖြစ်သည်။ (NGB)

### အင်္ဂလိပ် အက်ဖ်အေဖလား (တတိယအဆင့်) ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|
| ၁၀-၁-၂၀၂၄ သောကြာနေ့ | နံနက် ၀၁း၃၀ နာရီ | ရှက်ဖီးUtd – ကာဒစ်ဖ် (ချန်ပီယံရှစ်-၁) (ချန်ပီယံရှစ်-၂၃) | ရှက်ဖီးUtd ၄-၁ ကာဒစ်ဖ် ကာဒစ်ဖ် ၀-၂ ရှက်ဖီးUtd (၂၀၂၃-၂၄) |
| ။ | နံနက် ၀၂း၁၅ နာရီ | အဲဗာတန် – ပီတာဘာရို (ပရီးမီးယား-၁၆) (လိဂ်I-၁၉) | ပီတာဘာရို ၁-၂ အဲဗာတန် (၁၉-၉-၂၀၀၆ လိဂ်ဖလား ဒုဆင့်) |
| ။ | ။ | ဖူလ်ဟမ် – ဝက်စ်ဖို့ဒ် (ပရီးမီးယား-၉) (ချန်ပီယံရှစ်-၉) | ဖူလ်ဟမ် ၁-၁ ဝက်စ်ဖို့ဒ် ဝက်စ်ဖို့ဒ် ၄-၁ ဖူလ်ဟမ် (၂၀၁၀-၁၁) |

## မွေးကင်းစအရွယ်မှ ၂ နှစ်အရွယ် ကလေးများ၏ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုပြိုင်ပွဲ အခမ်းအနား ကျင်းပ



**မန္တလေး ဇန်နဝါရီ ၈**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ မြို့နယ်မိခင်နှင့်ကလေးအသင်းပိုင် သားဖွားခန်း(၁)၌ မွေးကင်းစအရွယ်မှ ၂ နှစ်အရွယ် ကလေးများ၏ခန္ဓာကိုယ်ဖွံ့ဖြိုးမှုပြိုင်ပွဲ အခမ်းအနားအား ဇန်နဝါရီ ၆ရက် နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဇင်မာထွန်း ဦးစီး၍ ကျင်းပခဲ့ရာ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်မမနှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မီမီစိုးနှင့် အဖွဲ့ဝင်များ၊ မဟာအောင်မြေခရိုင်၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းသန်းနှင့်အဖွဲ့ဝင်များ၊ မဟာအောင်မြေမြို့နယ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး မိခင်နှင့်ကလေးအသင်းပိုင် သားဖွားဆရာမများနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာမများက ပြိုင်ပွဲဝင် ကလေးငယ်များအား အရပ်၊ ကိုယ်အလေးချိန်တိုင်းတာခြင်း၊ ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ဆုရရှိသောကလေးများအား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဓာတ်ပုံ)

(၀၅၆)



## ပင်လုံတက္ကသိုလ်တွင် မောင်မယ်သစ်လွင် ကြိုဆိုပွဲ ကျင်းပ

**ပင်လုံ ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်၊ ပင်လုံတက္ကသိုလ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက အဆိုပါတက္ကသိုလ် ဘက်စုံခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ပင်လုံတက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာနီလာမြင့်က မောင်မယ်သစ်လွင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပင်လုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမင်းလွင်နှင့် ဒေါက်တာ ခင်လေးရီတို့က အသီးသီးနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ ပင်လုံတက္ကသိုလ် သင်တန်းရေးရာဌာန(ဌာနမှူး) ဆရာကြီး ဦးလှိုင်ထွန်းက သင်တန်းနှင့်ပတ်သက်၍ သိမှတ်စရာများကို လည်းကောင်း၊ အင်္ဂလိပ်စာဌာန တွဲဖက်ပါမောက္ခ (ဌာနမှူး)ဆရာမကြီးဒေါ်တင်ချိုလတ်က ဝိဇ္ဇာဘာသာရပ်ဆိုင်ရာများကို လည်းကောင်း၊ သချ်ာဌာနပါမောက္ခ(ဌာနမှူး)ဆရာမကြီး ဒေါက်တာ ဇင်သွဲ့ခိုင်ဖေက သိပ္ပံဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို လည်းကောင်း ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ ၂၀၂၄-၂၀၂၅ ခုနှစ် ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲသို့ ပင်လုံတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ပထမနှစ်သင်တန်းသို့ တက်ရောက်ကြမည့် မောင်မယ်သစ်လွင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀

## ပခုက္ကူမြို့၌ မြန်မာ့ရိုးရာအမွေအနှစ်တစ်ခုဖြစ်သည့် သနပ်ခါးများအရောင်းအဝယ် ဖြစ်ထွန်း

**ပခုက္ကူ ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၌ မြန်မာ့ရိုးရာအမွေအနှစ်တစ်ခုဖြစ်သည့် သနပ်ခါးများ အရောင်းအဝယ်ဖြစ်ထွန်းပြီး လုပ်ငန်း အဆင်ပြေလျက်ရှိသည်။

"ကျွန်မတို့က အရင်ကတည်းက ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ရှင်မတောင်၊ ပေါက်နှင့် အရာတော်ဒေသတို့တွင် စိုက်ပျိုးထွက်ရှိသည့် သနပ်ခါးများကို အပင်လိုက် လက်ခံဝယ်ယူပြီး ပြန်လည်ရောင်းချနေတာပါ။ ရောင်းတဲ့အခါမှာလည်း သနပ်ခါးတုံးကို အနံ၊ အရှင့်ပေါ်မူတည်ပြီး အတုံးကြီးကို ငွေကျပ် ၅၀၀၀မှ ၆၀၀၀၊ အလတ်ကို ငွေကျပ် ၃၀၀၀မှ ၄၀၀၀၊ အသေးကို ငွေကျပ် ၁၅၀၀မှ ၂၀၀၀ တို့ဖြင့် ရောင်းနေတာပါ၊ သနပ်ခါးရောင်းဝယ်တဲ့အခါမှာ အပင်အကြီး၊ အသေးအလိုက်ခွဲခြားသတ်မှတ်သလို၊ အနံ့အရှင့်အလိုက်လည်း ခွဲခြားသတ်မှတ်ရပါတယ်။ အပင်လိုက်ဈေးနှုန်းအနေနဲ့ ပြောရရင် အပင်ငယ်တစ်ပင်ကို ငွေကျပ် ၂၀၀၀၀ မှ ၃၀၀၀၀ နှင့် အပင်ကြီးကိုတော့ ငွေကျပ် ၄၀၀၀၀မှ ၅၀၀၀၀အထိ ရောင်းပါတယ်။ မြန်မာ့ရိုးရာလှေ့ထုံးတမ်း အစဉ်အလာများအရ သနပ်ခါးဝယ်ယူသုံးစွဲမှု များပြားသည့်အတွက် လက်ရှိရောင်းဝယ်မှုအနေနဲ့ ပြောရရင် တစ်ရက်ကိုအနည်းဆုံး ငွေကျပ် ငါးသောင်းမှ အများဆုံး ငွေကျပ် သုံးသိန်းဖိုးလောက်အထိ ရောင်းချရပါတယ်"လို့ ပခုက္ကူမြို့၊ အမှတ်(၁)စည်ပင်သာယာဈေးကြီးအတွင်း သနပ်ခါးရောင်းချသူတစ်ဦးက ပြောသည်။

ထို့ပြင် ဈေးကြီးအတွင်း သနပ်ခါးလာရောက်ဝယ်သူ အမျိုးသမီးတစ်ဦးက "မြန်မာ့ရိုးရာ အမွေအနှစ်တစ်ခုဖြစ်သည့် သနပ်ခါးကို ကလေး၊ လူငယ်၊ လူကြီး အစ၊ အထူးသဖြင့် မြန်မာအမျိုးသမီးတွေ ခုံမင်နှစ်သက်စွာ လိမ်းခြယ်အသုံးပြုလေ့ရှိကြပါတယ်။ မြန်မာ့သနပ်ခါးမှာ ထူးခြားတာက သင်းပျံ့သောရနံ့နှင့် ပြည့်စုံတဲ့အပြင် လိမ်းခြယ်ထားသူရဲ့ အသားအရေကိုလည်း စိုပြည်လှပစေခြင်း၊ ချောမွတ်စေခြင်း၊ အေးမြစေခြင်း၊ စိတ်ကြည်လင်လန်းဆန်းစေခြင်း၊ နေရောင်ခြည်ဒဏ်မှ ကာကွယ်ပေးခြင်းစတဲ့ ဂုဏ်အင်္ဂါတွေ ရရှိစေပါတယ်။ အဲဒါကြောင့်လည်း မြန်မာအမျိုးသမီး အများစုက ကောက်စိုက်ချိန်၊ ရေချိုးပြီးချိန်နှင့် ဘုရားသွား၊ ကျောင်းတက်၊ အလှူမင်္ဂလာ ပွဲလမ်းသဘင်များတွင် ခုံမင်နှစ်သက်စွာ လိမ်းခြယ်သွားကြတာဖြစ်ပါတယ်"ဟု ပြောသည်။

(အောက်ဓာတ်ပုံ)

(၃၄၀)



## နေကြာစိုက်ပျိုးထားရှိမှုအား ကွင်းဆင်းကြည့်ရှု

**သရက် ဇန်နဝါရီ ၈**

သရက်မြို့နယ်၊ ရေဘွက်ကျေးရွာ၊ ရေဘွက်စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းက စိုက်ပျိုးထားသော ရေဆင်းစပ်မျိုး ၁ နေကြာစိုက်ပျိုးထားရှိမှု အခြေအနေများကို မကွေးတိုင်းဒေသကြီး၊ သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိတာရီထွန်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုခဲ့သည်။

ရေဘွက်စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း ဥက္ကဋ္ဌဦးကိုကိုကျော်က ရှရှားသဘာဝရွက်ဖျန်းမြေသြဇာ သုံးစွဲပြီးနောက် နေကြာပင်များ ပိုမိုကြီးထွား ဖြစ်ထွန်းလာမှုအား ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးက လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ရန် မှာကြားခဲ့သည်။

သမဝါယမအသင်းသားပိုင် မြေဧက ၅၀၀တွင် ရေဆင်းစပ်မျိုး ၁ နေကြာစိုက်ပျိုးထားရှိပြီး ထွက်ရှိလာသော နေကြာများကို အောင်လံမြို့နယ် သမဝါယမ အသင်းစုပိုင် ဆီစက်တွင်ကြိတ်ခွဲ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက် ၇ နာရီက ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ) ရပ်ကွက်၊ ၁၁၈လမ်း၊ ၇၂ လမ်းနှင့် ၇၃လမ်းကြားတွင် ရောင်းချပေးသည်။

ထိုသို့ရောင်းချပေးမည့် အစီအစဉ်များမှာ ဇန်နဝါရီ ၁၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်။



ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှ စတင်ကာ နေ့စဉ် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(ဓာတ်ပုံ)

(မန္တလေးနေ့စဉ်-၆)



## ထီးပုကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထီးပုကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်က ထီးပုကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများအားတွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများနှင့် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ချေးငွေအတိုးနှုန်းများနှင့် ပြန်လည်ပေးဆပ်ရမည့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ထီးပုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇၅ ဦးကို ငွေကျပ် ၂၇ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၁ ဒသမ ၅ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၁ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၅ ဦးကို ငွေကျပ် ၂ ဒသမ ၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၀ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၅ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၄၅)

## လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကျောက်ဆည် ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)တို့ပူးပေါင်းပြီး ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီခွဲက အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်) ဘက်စုံသုံးခန်းမတွင် ကျောင်းသား၊ ကျောင်းသူ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲတွင် အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဇနည်ထွန်းက ကျောင်းသား၊ ကျောင်းသူများ ကောင်းသော တွေးခေါ်မှု စွမ်းရည်များ ရရှိရေး၊ အမှား၊ အမှန်ဝေဖန်ပိုင်းခြားတတ်စေရေး၊ မိမိတို့ရရှိလိုသော ပန်းတိုင်ရောက်ရှိရေး၊ အသိပညာဗဟုသုတများ ရှာဖွေဖတ်ရှုကြိုးစားသွားကြရန် အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက လူငယ်နှင့် စာပေဖတ်ရှုရခြင်း၏ အကျိုးကျေးဇူးများအကြောင်း၊ ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးလမင်းသန်းက ကမ္ဘာကြီးပူနွေးမှုနှင့် ရာသီဥတုပြောင်းလဲခြင်း၊ သစ်ညမ်းမှုပြဿနာများ၊ အရင်းအမြစ်များ လျော့နည်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် မြေယာပျက်စီးခြင်း၊ အမှိုက်စီမံခန့်ခွဲမှုများ၊ စားနပ်ရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ စိန်ခေါ်မှုများ၊ ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးထိခိုက်မှုများအကြောင်း ဟောပြောကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ခရိုင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဉာဏ်စမ်းမေးခွန်းများ မေးမြန်းကြပြီး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်းနှင့် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသ စာအုပ်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။




(အပေါ်ပုံ)

(၄၈၅)

## အ-ထ-က(ဟင်းငူ)တွင် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ



**စဉ့်ကိုင် ဇန်နဝါရီ ၈**

ကျောင်းသား၊ ကျောင်းသူ လူငယ်များ အသိပညာဗဟုသုတ ကြွယ်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆွေးနွေးမှုများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ နိုင်ငံတော်အတွက် အကျိုးပြုနိုင်သော အနာဂတ်သားကောင်း ရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာစေရန် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အ·ထ·က (ဟင်းငူ)တို့ ပူးပေါင်းကာ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ဇန်နဝါရီ ၇ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပခဲ့ရာ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းနှင့် ဝန်ထမ်းများ၊ အ·ထ·က (ဟင်းငူ)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေမြင့်နှင့် ဆရာ၊ ဆရာမများ၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

လူငယ်စကားဝိုင်းတွင် အ·ထ·က (ဟင်းငူ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေမြင့်က အဖွင့်အမှာစကားပြောကြားပြီးနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူ လူငယ်များ အနေဖြင့် ပြင်ပစာပေ ဗဟုသုတများကို လေ့လာဖတ်ရှုရန်၊ လူငယ်အချင်းချင်း ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများကို ရရှိစေရန်နှင့် စဉ်းစားဉာဏ်နှင့် အတွေးအခေါ်များကို ရရှိစေရန်၊ လူငယ်များ အသိပညာ၊ အတတ်ပညာနှင့် လူ့ကျင့်ဝတ်တန်ဖိုးမြှင့်တင်ပေးရန်၊ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဆိုတဲ့ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စကားပြောစွမ်းရည်များ ကျွမ်းကျင်စွာ တတ်မြောက်ပြီး လူအများရှေ့တွင် ရဲရဲဝံ့ဝံ့ပြောဆိုတတ်စေရေးတို့ကို ရည်ရွယ်၍ ယခုလို လူငယ်စကားဝိုင်းကို ကျင်းပရကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက Moderator အဖြစ် ဦးဆောင်ဆွေးနွေးခဲ့ပြီး အ·ထ·က (ဟင်းငူ) ကျောင်းမှ Grade- 9 ကျောင်းသား မောင်လမင်းကိုက "လူငယ်နှင့်ပညာရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-9 ကျောင်းသား မောင်လှုံမင်းထက်က "လူငယ်နှင့်အားကစား" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-9 ကျောင်းသူ မဇာဇာဝေက "လူငယ်နှင့် ယဉ်ကျေးမှု" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade -9 ကျောင်းသူ မအိဇင်ဝေဖြိုးက "လူငယ်နှင့်မူးယစ်ဆေးဝါး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade -10 ကျောင်းသူ မဆုမြတ်မွန်က "လူငယ်နှင့် မျိုးချစ်စိတ်ဓာတ်" ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးခဲ့သည့် အကြောင်းအရာများအပေါ် သိရှိလိုသည်များကို မေးမြန်းခဲ့ရာ မြို့နယ်ဦးစီးအရာရှိက ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့သည်။ ၎င်းနောက် ကျောင်းအုပ်ဆရာမကြီး ကိုယ်စား အလယ်တန်းပြ ဆရာမ ဒေါ်သန်းသန်းဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၃၉၉)




## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး Talk Show ကျင်းပ

**မိုင်းယောင်း ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး Talk Show ကျင်းပရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဏ္ဏဝါဂေဟစနစ်မြှင့်တင်ရေးအကြောင်းကို ဆွေးနွေးခဲ့သည်။ (အပေါ်ပုံ)

ရှေးဦးစွာ ရုပ်သံကျွမ်းကျင် (၃) ဒေါ်နန်းစီဖေါင်းက ကမ္ဘာ့ရေထုကြီးသည် သက်ရှိသတ္တဝါများနှင့် လူသားများကို အကျိုးပြုလျက်ရှိကြောင်း၊ ကမ်းရိုးတန်းနှင့် အဏ္ဏဝါဆိုင်ရာ ရေထုအပူချိန်၊ ပင်လယ်ရေစီးကြောင်း၊ ရေနေသတ္တဝါများနှင့် ဇီဝမျိုးစုံမျိုးကွဲများသည် လူသားများ ရှင်သန်ရပ်တည်နိုင်ရေးအတွက် အဓိကအထောက်အပံ့ပေးနေသည့် အကြောင်းတရားများဖြစ်ကြောင်းကို ဆွေးနွေးသည်။

ထို့နောက် စာကြည့်တိုက်လက်ထောက်(၃) ဒေါ်ဝေဝေခိုင်က မြန်မာနိုင်ငံသည် ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့် ကျယ်ပြန့်သည့် ပင်လယ်အဏ္ဏဝါကို ပိုင်ဆိုင်ထားပြီး ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်ကို ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ၏ လမ်းညွှန်မှုများနှင့်အညီ ပင်လယ်ညစ်ညမ်းမှုထိန်းသိမ်းနိုင်မှု၊ အဏ္ဏဝါဂေဟစနစ် တန်ဖိုးမြင့်မားလာအောင် ဆောင်ရွက်နိုင်မှု ရလဒ်ကောင်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဝေဝေခိုင်(ပြန်/ဆက်)

**သန့်ရှင်းသာယာ မန္တလာ ပိုင်းဝန်းထိန်းသိမ်းပါ ။**

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ နယ်လှည့်ကွင်းဆင်းဆောင်ရွက်

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ကျောင်းခန်းမတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဆက်လက်ပြီး အမှတ်(၁) အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးသိန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးနိုင်လင်းက ကလေးအလုပ်သမားပပျောက်ရေး အကြောင်းသိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။



ထို့နောက် မြို့နယ်ဥပဒေရုံးမှ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးရှောလမုန်မောင်းကွီးက ကျောင်းသား၊ ကျောင်းသူများအား ကလေးအလုပ်သမား၏ အသက်အရွယ်၊ ကလေးအလုပ်သမား၏ အလုပ်ချိန်ကန့်သတ်ချက်၊ အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက်အကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော နံရံကပ်စာစောင်နှင့် စာအုပ်၊စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများအား မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့်စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းဆပ်ကော်မတီမှ ထုတ်ဝေထားသော "ဖန်ခါးမြေ" ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# ရတနာပုံတက္ကသိုလ်၌ မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြော

**မန္တလေး ဇန်နဝါရီ ၈**



သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်တို့ ပူးပေါင်းကျင်းပသည့် ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးဟောပြောခြင်း အခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီခွဲက ရတနာပုံတက္ကသိုလ်ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာသွယ်လင်းကို၊ ဒေါက်တာခင်မော်မော်စိုး၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုး၊ လက်ထောက်ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဒေါ်ပန်းအိဖြူ၊ ဒေါ်ခင်နုနုစိုးနှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူလေးများက "သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကြပါစို့" သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။


ထို့နောက် ပါမောက္ခချုပ်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက "မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ သိကောင်းစရာများ" ခေါင်းစဉ်ဖြင့် ကမ္ဘာကြီး ပူနွေးလာခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်း၊ မိုးရွာသွန်းမှုပုံစံပြောင်းလဲလာခြင်း၊ ပြင်းထန်သော ရာသီဥတုအခြေအနေများ တိုးပွားလာခြင်း၊ အပင်နှင့်တိရစ္ဆာန်များအပေါ် သက်ရောက်မှုများ၊ ရောဂါပိုးမွှားများ ပိုမိုပျံ့နှံ့လာခြင်း၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု ဖြစ်ပေါ်လာရခြင်း အခြေအနေ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု မဖြစ်ပေါ်စေရန် လိုက်နာဆောင်ရွက်ရမည့် လိုအပ်ချက်များ၊ မီးခိုးမြူငွေ့မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ခြင်း၊ ရရှိနိုင်မည့် အကျိုးကျေးဇူးများ စသည့် အကြောင်းအရာများကို အသိပညာပေး ဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်ပြီး ပါမောက္ခချုပ်နှင့် ညွှန်ကြားရေးမှူးဦးကျော်အောင်မိုးတို့က အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၈၂)




# ဌာနဆိုင်ရာရုံးများသို့ စာအုပ်၊ စာစောင်များ နယ်လှည့်ကွင်းဆင်း ငှားရမ်းပေး

**ခိုလမ် ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့ရုံး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများဗဟုသုတရရှိစေရန်၊ အားလပ်ချိန်များကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ စဉ်းစားတွေးခေါ်မှုဉာဏ်များ ရင့်သန်လာစေရန်၊ အမှားနှင့်အမှန် ဝေဖန်ပိုင်းခြားတတ်စေရန်နှင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်၊ စာကြည့်တိုက်သို့ မလာရောက်နိုင်သော စာပေချစ်မြတ်နိုးသူများအတွက်ရည်ရွယ်၍ ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီခွဲက ဌာနဆိုင်ရာရုံးများအရောက် စာအုပ်၊ စာစောင်များကို နယ်လှည့်ကွင်းဆင်း ငှားရမ်းပေးခဲ့သည်။

ထိုသို့ စာအုပ်၊ စာစောင်များ ကွင်းဆင်းငှားရမ်းပေးရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလွမ်းသူနောင်နှင့် ဝန်ထမ်းများက အသစ်ရောက်ရှိလာသော စာအုပ်၊ စာစောင်များကို မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ သွားရောက်ကာ သုတ၊ ရသ စာအုပ်၊ စာစောင်များကို ကွင်းဆင်းငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## လှမ်းခဲ့ပါလေ မန်းဌာနေ

* ယဉ်ကျေးမှုတွေ ပြည့်နှက်နေသည့်
နန်းမြေဘုံသာ မန္တလာဝယ်
မဟာမုနိ တုမရှိပြီ
စုံဘိဘုရား ကျောင်းတော်များနှင့်
ကျော်ကြားထင်ပေါ် မန်းတောင်တော်ကို
ဖူးမြော်မဝ ပီတိရမည် ။

* ရောဝတီ မြစ်ဆိပ်ဆီသွား
ကြည့်မည်ရှုခင်း ပန်းဖြေရင်းဖြင့်
ကြည်ရှင်းတွေ့မြင် တောင်မင်းဝံနှင့်
ရေပြင်တစ်လွှား သင်္ဘောများကို
ရှုစားမဝ မြင်ကြရအောင်
မန္တလာနန်း အရောက်လှမ်းခဲ့ ။

* "ကျွန်တော်"လို့ပြော မန်းပျိုချောတို့
မနောလည်းဖြူ ယဉ်ကျေးပျူငှာ
များသူငါကို ကူညီလိုစိတ်
ပြည့်ယိုဖိတ်သည် မန်းမြို့ဆီကို
လာလည်ကြဖို့ "ကျွန်တော်"တို့က
ဖိတ်လို့ခေါ်နေ ချစ်မိတ်ဆွေကို ။

* ဦးပိန်တံတား သစ်သားများဖြင့်
ခင်းထားအင်းပေါ် ကမ္ဘာကျော်သည်
နန်းတော်၊ မြို့ရိုး ကျုံး၊ ပြအိုးနှင့်
ဆယ်မျိုးသောပန်း လက်မှုဆန်းတွေ
ပွင့်လန်းရာမြေ မန်းဌာနေကို
မိတ်ဆွေလာရန် စိတ်ရင်းမှန်ဖြင့်
ဖိတ်မန္တက ပြုပါရစေ ။ ။

**အောင်မျိုးမြတ်(မန္တလေး)**

ဗလငါးတန်၊
ဖွံ့ဖြိုးဖို့
စာအုပ်၊
စာပေ
လေ့လာစို့ ။

## သတင်းပဒေသာ

### ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့၊ မိုင်းလုံးကျေးရွာအုပ်စု၌ (၁၇)ကြိမ်မြောက် လားဟူရိုးရာနှစ်သစ်ကူးပွဲတော်အမှတ်တရ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီခွဲက ကျေးရွာအားကစားကွင်း၌ ကျင်းပသည်။ မိုင်းလုံးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအိုက်လူက အမှာစကားပြောကြားသည်။ လားဟူရိုးရာနှစ်သစ်ကူးပွဲတော်အမှတ်တရ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း(၅)သင်းဖြင့် ဇန်နဝါရီ ၇ ရက်မှ ၁၀ ရက်အထိ ကျေးရွာအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

### နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာအုပ်များ အခမဲ့ငှားရမ်းပေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ပြည်သူများ စာဖတ်သည့်အလေ့အကျင့်ကောင်းများ တိုးတက်လာစေရန်နှင့် ပြည်သူ့စာကြည့်တိုက်သို့ လာရောက်ငှားရမ်းနိုင်ခြင်းမရှိသည့် စာဖတ်ဝါသနာရှင်များ စာပေကို လွယ်လင့်တကူ လေ့လာဖတ်ရှုခြင်းဖြင့် အသိပညာ ဗဟုသုတ တိုးပွားလာစေရန်အတွက် နယ်လှည့်စာကြည့်တိုက် Mobile Library စနစ်ဖြင့် စာဖတ်သူများထံသို့ စာအုပ်များ အခမဲ့ငှားရမ်းပေးခြင်းကို ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီက မိုင်းစံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ စာအုပ်များ အခမဲ့ကွင်းဆင်းငှားရမ်းပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### မီးဘေးသတိရှိစေရေးနှင့် ကြိုတင်ကာကွယ် တားဆီးနိုင်ရေးအတွက် အသိပညာပေးနှိုးဆော်

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် မီးဘေးအသိ၊ မီးဘေးသတိရှိစေရေးနှင့် ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် အသိပညာပေးနှိုးဆော်ခြင်းကို ယမန်နေ့ ညပိုင်းက ရပ်ကွက်များအတွင်း လှည့်လည်ဆောင်ရွက်ခဲ့သည်။ အဆိုပါ မီးဘေးအသိ၊ မီးဘေးသတိရှိစေရန်နှင့် ကြိုတင်ကာကွယ်တားဆီးနိုင်ရန်အတွက် အသိပညာပေးနှိုးဆော်ခြင်းကို မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများက မြို့မရပ်ကွက်များအတွင်း လိုက်လံ၍ မီးကြွင်းမီးကျန်များမရှိစေရေး၊ မီးကိုစနစ်တကျ အသုံးပြုရေးနှင့် ပေါ့ဆမှုမဖြစ်ပေါ်စေရေးတို့ကို ပြည်သူများသိရှိရန် အသံချဲ့စက်ဖြင့် အသိပညာပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးဟောပြော

နေပြည်တော်၊ ဥတ္တရခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက ဥတ္တရသီရိမြို့နယ်၊ ဥတ္တရသီရိရပ်ကွက်ရှိ အောင်မြေကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပရာ ဥတ္တရခရိုင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက စုပေါင်းကာကွယ် မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်အေးပပဖြိုးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့်လည်းကောင်း ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၁၃၀ ဦးအား အသိပညာပေး ဟောပြောဆွေးနွေးခဲ့သည်။ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးအကြောင်း သိကောင်းစရာ အသိပညာပေး Video Clip ပြသခဲ့သည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာဗဟုသုတ မေးခွန်းများ အပြန်အလှန်မေးမြန်းဖြေကြားကာ အမှတ်တရဆုလက်ဆောင်များ ချီးမြှင့်ခဲ့ပြီး ကျောင်းစာကြည့်တိုက်အတွက် ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးစာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အစိုးရပါဠိ ပထမပြန် စာမေးပွဲနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ အောင်လက်မှတ်နှင့် စာအောင်ဆုချီးမြှင့်ခြင်း စူဠဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ



**မြစ်သား ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် မြို့နယ်သံဃနာယကအဖွဲ့နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့မှ ကြီးမှူးကျင်းပသော မြို့နယ်လုံးဆိုင်ရာ အစိုးရပါဠိ ပထမပြန်စာမေးပွဲနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲအောင်လက်မှတ်နှင့် စာအောင်ဆုချီးမြှင့်ခြင်း စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ရွှေမုဋ္ဌောဘုရား နန်းအိမ်သူ ဓမ္မဗိမာန်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ (၃)ကြိမ် ရွတ်ဆိုပြီး စတင်ဖွင့်လှစ်ကာ မြစ်ဆုံကြီးကျောင်းတိုက် မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တပုညက သရဏဂုံနှင့် ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူး ဘိုဘိုအောင်က သာသနာရေး ဆိုင်ရာများကို လျှောက်ထားဆောင်ရွက်ခဲ့သည်။

ထို့နောက် ပါဠိပထမပြန် စာမေးပွဲတွင် အောင်မြင်တော်မူကြသော ဓမ္မာစရိယတန်းအောင် (၁)ပါး၊ ပထမကြီးတန်းအောင် (၁) ပါး၊ ပထမလတ်တန်းအောင် (၂)ပါး၊ ပထမငယ်တန်းအောင် (၃)ပါး အခြေပြုမူလတန်းအောင် (၃၆)ပါး၊ ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်တော်မူကြသော သံဃာတော် (၄၃)ပါးတို့အား ဌာနဆိုင်ရာ တာဝန်ရှိသူများက အောင်လက်မှတ်နှင့် စာအောင်ဆုများ၊ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မြစ်ဆုံလေးကျောင်းတိုက် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ပုညက ကျောင်းသား၊ ကျောင်းသူ ၄၇၅ ဦးတို့ကိုလည်း ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး လှူဒါန်းမှု အစုစုတို့အတွက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြစ်ဆုံကြီးကျောင်းဆရာတော် ဘဒ္ဒန္တပုညက ဩဝါဒကထာ ချီးမြှင့်မှုကို ခံယူခဲ့ကြကာ ရေစက်သွန်းချ အမျှပေးဝေခဲ့ပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု (၃)ကြိမ်ရွတ်ဆိုပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

အဆိုပါ စူဠဘွဲ့နှင်းသဘင် အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သံဃနာယကဆရာတော်နှင့် မြို့နယ်သံဃနာယကအဖွဲ့မှ ဆရာတော်ကြီးများ၊ စာမေးပွဲကြီးကြပ်ရေးဆရာတော်များ၊ စာအောင်သံဃာတော်များ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲအောင်လက်မှတ်ချီးမြှင့်ခံရသော ကျောင်းသား၊ ကျောင်းသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ဝင်းမင်းထွန်း(ပြန်/ဆက်)



## သာသနာ့ဗိမာန်တော်ကြီး၏ ဘုံငါးဆင့်၊ အမိုးနှင့် မျက်နှာကြက် ပြန်လည်ပြုပြင်မွမ်းမံပြီးစီး၍ ရေစက်ချအခမ်းအနား ကျင်းပ

**တောင်တွင်းကြီး ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့ သာသနာ့ဗိမာန်တော်ကြီး၏ ဘုံငါးဆင့်၊ အမိုးနှင့် မျက်နှာကြက်များ ကာလရှည်ကြာလာသည်နှင့်အမျှ အဘက်ဘက်မှ ယိုယွင်းဟောင်းနွမ်း ပျက်စီးစပြုလာပြီဖြစ်၍ မဟာမြိုင်သဲဖြူဆရာတော်ကြီး၏ မ,တည်ငွေနှင့်အတူ အများကောင်းမှုဖြင့် ပေါင်းစုကာ အသစ်ပြန်လည် မွမ်းမံပြီးစီးပြီဖြစ်သည့်အတွက် ဒီဇင်ဘာ ၇ ရက် နံနက် (၉) နာရီက သာသနာ့ဗိမာန်တော်ခန်းမ၌ ရေစက်ချအခမ်းအနား ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ (၃)ကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး တောင်တွင်းကြီးမြို့နယ် သံဃနာယကဥက္ကဋ္ဌဆရာတော်၊ သာယာအေးကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက သဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တစာရိတ္တ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့သည်။ (အပေါ်ပုံ)

ထို့နောက် မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်၊ ငှက်ပစ်တောင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တမာနိတဆရာတော်ထံမှ ဩဝါဒကထာ နာယူခဲ့ကာ မြို့နယ်သာသနာရေးဦးစီးဌာန၊ သာသနာရေးဦးစီးမှူးက သာသနာ့ဗိမာန်တော်ကြီး ပြုပြင်မွမ်းမံခြင်းဆိုင်ရာများအား လျှောက်ထားတင်ပြခဲ့ပြီး သဲဖြူမဟာမြိုင်တောရဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု (၃)ကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

နောင်နောင်(ဗိဿနိုးမြေ)

## မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေပေးအပ်

**မန္တလေး ဇန်နဝါရီ ၈**

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ် ကန်တော့ခံဆရာကြီး၊ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စများ စဉ်ဆက်မပြတ် ထောက်ပံ့လျက်ရှိသည်။

ဘာသာရပ်အသီးသီးမှ တင်ပြလာသည့် ဆရာ၊ ဆရာမကြီးများအား အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးလျက်ရှိရာ ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက နာမကျန်းဖြစ်နေ၍ ဆေးကုသမှုခံယူနေသော ဆရာကြီး ဒေါက်တာချစ်ရွှေ(ရူပဗေဒ)ထံသို့ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ဦးတင်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးပိုမြင့်၊ ဘဏ္ဍာရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့ဝင်များက နေအိမ်သို့သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု ဂါရဝပြု ငွေကျပ် သုံးသိန်း ပေးအပ်၍ ကျန်းမာရေးမေးမြန်း အားပေးစကားများ ပြောကြားခဲ့သည်။

အလားတူ မန္တလေးတက္ကသိုလ် ရူပဗေဒမိသားစု ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့မှ ကျန်းမာရေးထောက်ပံ့ငွေကျပ်နှစ်သိန်း ပေးအပ်ခဲ့သည်။ မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်ရက်မှစပြီး ဇန်နဝါရီ ၃ ရက်အထိ နာမကျန်းဖြစ်သော ဆရာကြီး၊ ဆရာမကြီး၊ စုစုပေါင်း ၃၂၅ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု ဂါရဝပြု ငွေကျပ် ၅၇၄ သိန်း ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (ဝ၄၅)



# သာသနဟိတဓဇနာယက ရသေ့ကြီး ဦးခန္တီ

‘သာသနဟိတဓဇနာယက’ဘွဲ့တော်ခံ ရသေ့ကြီးဦးခန္တီအား ခမည်းတော် ဦးရွှေလှနှင့် မယ်တော် ဒေါ်နိုဥ(ဒေါ်ကန်ဟူ၍ လည်း အချို့မှတ်တမ်းများတွင် တွေ့ရှိရသည်)တို့မှ မြန်မာသက္ကရာဇ် ၁၂၂၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ရက်၊ တနင်္လာနေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့အနောက်တောင်ဘက်ရှိ ‘ရွာသာရွာ’၌ ဖွားမြင်တော်မူခဲ့သည်။ ငယ်အမည်မှာ ‘မောင်ဖိုးမောင်’ဟု အမည်တွင်သည်။ ရသေ့ကြီး၏ အရပ်အမောင်းမှာ ၆ ပေကျော်ရှိ၍ သွယ်ပြောင်းသော ခြေတံ၊ လက်တံများ ရှိသည်ဟု သိရပါသည်။

ကောဇာသက္ကရာဇ်(၁၂၄၉)ခုနှစ်တွင် ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူ၍ ရဟန်းဝါ ၁၂ ဝါတိုင်တိုင် စာပေကျမ်းဂန်များ သင်ကြားတတ်မြောက်တော်မူပြီးနောက် ကောဇာသက္ကရာဇ် (၁၂၆၁)ခုနှစ်တွင် ရသေ့အဖြစ် ကူးပြောင်း၍ မန္တလေးမြို့အနီးရှိ ‘သာခိုတောင်’၊ ‘ရွှေမြင်တင်’တောင်များတွင် တောထွက်ကာ တရားအားထုတ်ခဲ့သည်။

ရသေ့ကြီး ဦးခန္တီသည် ရွှေမြင်တောင်တစ်ဝန်းတွင် စေတီ(၄၉)ဆူ၊ ကျောင်းပေါင်း(၃၄)ကျောင်း၊ တန်ဆောင်း(၁၆)ခု၊ ရုပ်ပွားတော်ကြီး (၁၅)ဆူနှင့် အခြားသော အဆောက်အအုံများကို ၈ နှစ်တာကာလအတွင်း တည်ဆောက်ကာ သာသနာပြုတော်မူခဲ့သည်။ ‘တောင်ပချုပ်’တောင်တွင် ချမ်းသာရစေတီ၊ ဆုတောင်းပြည့်စေတီ၊ ကျိုက်ထီးရိုးစေတီ၊ ကျောက်ဆင်စေတီတော်တို့ကို တည်ထားတော်မူခဲ့သည်။

ကောဇာသက္ကရာဇ်(၁၂၆၂)ခုနှစ်တွင် ပျဉ်းမနားမြို့၊ ဆင်ဖြူတော်သို့ ကြွရောက်ကာ သာသနိကအဆောက်အအုံများ တည်ထောင်တော်မူပြီးနောက် လယ်ဝေးမြို့သို့ ကြွရောက်သာသနာပြုတော်မူခဲ့သည်။ ကောဇာသက္ကရာဇ် (၁၂၆၉)ခုနှစ်မှ စတင်၍ မန္တလေးမြို့၊ မန္တလေးတောင်တော်ကြီးသို့ ကြွရောက်တော်မူပြီးလျှင် ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်း၊ ကန်၊ သာသနိကအဆောက်အအုံများစွာ တည်ဆောက်ကာ သာသနာပြုတော်မူပါသည်။

ကောဇာသက္ကရာဇ် (၁၂၇၅)ခုနှစ်တွင် မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်ရှိ ‘အဘယဂီရိ’၊ ‘မစ္ဆဂီရိ’ဘွဲ့တော်ရှိ ‘ရန်ကင်းတောင်တော်ကြီး’တွင် စေတီပုထိုးများနှင့် သံစောင်းတန်းများကို တည်ဆောက်ခဲ့သည်။ မန္တလေးတောင်တော်အနီးရှိ စန္ဒာမုနိဘုရားနှင့် သထုံမြို့(ရွှေစာရံ)ဘုရားများတွင် ကျောက်ချပ်ရေ(၃၀၀၀)ကျော်ရှိ ပိဋကတ်တော်အဋ္ဌကထာများနှင့် ဓမ္မစကြာ၊ ပဋ္ဌာန်းဒေသနာတော်စသည့် ဘုရားဟောဒေသနာတော်များကို ကျောက်ထက်အက္ခရာတင်တော်မူခဲ့သည်။ သထုံမြို့(ရွှေစာရံ)ဘုရားတွင် သာသနာပြုစိုက်ထူလှူဒါန်းမည့် ကျောက်ထက်အက္ခရာတင် ကျောက်ချပ်ကြီးများကို ရသေ့ကြီးသက်တော်ထင်ရှားစဉ်က သထုံမြို့သို့ မပို့ဆောင်နိုင်ခဲ့ဘဲ မန္တလေးမြို့၊ ‘မဟာသကျမာရဇိန်’ ကျောက်တော်ကြီးဘုရားပရိဝုဏ်အနောက်မြောက်ထောင့်အတွင်း စုပုံထားရှိခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သည်။ ယခုအခါ သထုံမြို့သို့ ပင့်ဆောင်၍ ရွှေစာရံဘုရားပရိဝုဏ်တွင် ကျောက်စာတိုက်နှင့်ထားရှိပူဇော်ထားပါသည်။

မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားအတွင်း၌ သံတန်ဆောင်းတန်းများနှင့်သာသနိကအဆောက်အအုံများ တည်ဆောက်ခြင်းများနှင့်အတူ ဝတ္တကမြေ၏အရှေ့၊ အနောက်၊ တောင်၊ မြောက် ဥပစာများတွင်လည်း ကျောက်တော်ကြီးရုပ်ပွားတော်မြတ်နှင့်အတူ ဖွားဖက်တော် ပရိဘောဂစေတီများအဖြစ် အာရာမ်ထောင့်လေးထောင့်တို့တွင် ဘုရားဒါယကာပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးကိုယ်တော်တိုင် စိုက်ပျိုးကိုးကွယ်တော်မူခဲ့သော မဟာဗောဓိညောင်ပင်ကြီးများကိုလည်း အုတ်ပုလ္လင်များပြုလုပ်ခဲ့ပါသည်။ ကျောက်တော်ကြီးဘုရား၏ အရပ်လေးမျက်နှာမှ ဝတ္တကမြေဥပစာမြေပေါ်ရှိ မဟာဗောဓိညောင်ပင်တော်ကြီးများနှင့် ဘုရားဘဏ္ဍာတော်ပိုင်ပစ္စည်းအရပ်ရပ်တို့ကို မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရားဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကြီးမှ နှစ်ပေါင်းများစွာ ထိန်းသိမ်းပြုပြင်လျက်ရှိနေပါသည်။

ရသေ့ကြီးဦးခန္တီ၏ အခြားသောကောင်းမှုကုသိုလ်တော်များမှာ ‘မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား’၊ ‘အာနန္ဒာဘုရား’၊ အာရုံခံတန်ဆောင်းများ၊ အုတ်စောင်းတန်းများ၊ ရုပ်ပွားတော်များ တည်ဆောက်လှူဒါန်းခြင်း၊ မန္တလေးမြို့တော်မြောက်ဘက်ရှိ ပုသိမ်ကြီးမြို့နယ် ‘သခင်မ-မရွှေဥ’တောင်မှ စေတီတော်၊ စောင်းတန်းများ၊ အမရပူရမြို့ (တောင်မြို့၊ မဟာဝိဇယရံသီ)ပုထိုးတော်ကြီး ဘုရားအတွင်း၌ ခေါင်းလောင်းတော်ကြီးနှင့် သံတန်ဆောင်းများ၊ တောင်ပြုံးကြီးရွာ ဆုတောင်းပြည့်စေတီတော်နှင့် သံတန်ဆောင်းများနှင့် အာရုံခံဓမ္မာရုံများ၊ ဇေယျာပူရစစ်ကိုင်းမြို့မှ ‘ဆင်များရှင်’ စေတီတော်ကြီးအား ရွှေထီးတော်မြတ်တင်လှူပူဇော်ခြင်း၊ ပုသိမ်ကြီးမြို့နယ် ‘ရွှေစာရံ’စေတီတော်အား မွန်းမံပြင်ဆင်၍ ပဉ္စလောကခေါင်းလောင်းတော်များ တပ်ဆင်ပူဇော်ခြင်း၊ ပြင်ဦးလွင်(မေမြို့)‘ညံတော’ဘုရားတွင် ရုပ်ပွားတော်ကြီးများ တည်ထားကိုးကွယ်မှုခြင်း၊ ပဲခူးမြို့‘ဟင်္သာကုန်း’စေတီတော်စောင်းတန်းနှင့်သာသနိကအဆောက်အအုံများ တည်ထားခြင်းများ ဆောင်ရွက်တော်မူခဲ့သည်။

ဤကဲ့သို့ သာမန်ပုဂ္ဂိုလ်များ စိတ်ကူးမျှပင် မဝံ့ရဲသော သာသနိကအဆောက်အအုံကြီးများကို ဝေးလံခေါင်သီမြင့်မားလှသော တောင်ကုန်း၊ တောင်ထိပ်၊ တောင်စွယ်များပေါ်တွင်လည်း ကြီးမားသော ဆန္ဒတော်များဖြင့် တည်ထားကိုးကွယ်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံတော်အတွင်း အနယ်နယ်အရပ်ရပ်တို့တွင် ရသေ့ကြီးဦးခန္တီ တည်ဆောက်လှူဒါန်းခဲ့သော သာသနိကအဆောက်အအုံ(၄၇)ဌာနရှိကြောင်း မှတ်သားရပါသည်။ ဤကဲ့သို့ မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီးကို စွမ်းစွမ်းတမံဖြင့် ဆောင်ရွက်တော်မူခဲ့ခြင်းများကြောင့်လည်းကောင်း၊ ခရစ်နှစ် (၁၉၀၈)ခုနှစ်မှစ၍ နှစ်ပေါင်း(၄၀)ကျော်တိုင်အောင် မန္တလေးမြို့တော် မန္တလေးတောင်တော်ကြီးတွင် အခြေစိုက်၍ မြို့ပေါင်းများစွာတွင် ဗုဒ္ဓသာသနာတော်မြတ်ကြီး စည်ပင်ပြန့်ပွားစေရန် ဆောင်ရွက်တော်မူခဲ့ခြင်းများကြောင့်လည်းကောင်း၊ ထိုစဉ်အခါ သာသနဥသျှောင်သံဃရာဇာ သာသနာပိုင်ဆရာတော်ကြီးဖြစ်တော်မူသည့် (ဝိသုဒ္ဓသီလစာရကဝိဓေ မဟာဓမ္မရာဇဓိရာဇဂုရု)စသည့် သီပေါမင်းတရား ဆက်ကပ်လှူဒါန်းတော်မူသော ဘွဲ့တံဆိပ်တော်နှင့် အင်္ဂလိပ်အစိုးရဘုရင်ခံမင်းကြီးမှ ဆက်ကပ်သော(ဝိသုဒ္ဓသီလစာရသီရိပဝရဓမ္မသေနာပတိမဟာသံဃရာဇာ) ဘွဲ့တော်များ အလှူခံတော်မူရသည့် ‘တောင်ခွင်သာသနာပိုင်ဆရာတော်ကြီး’မှ ရသေ့ကြီး ဦးခန္တီအား ‘သာသနဟိတဓဇနာယက’(ဗုဒ္ဓဘုရားရှင်၏ သာသနာတော်သုံးရပ်တို့အား တံခွန်အောင်လံသဖွယ်မြင့်မားထွန်းကားစေရန် အကျိုးဆောင်သည့် အကြီးအမှူးပုဂ္ဂိုလ်အရှင်သူမြတ်)ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်အပ်နှင်းခဲ့ပါသည်။ ရသေ့ကြီးသည် သာသနာတော်အတွက် စွမ်းစွမ်းတမံဆောင်ရွက်ရာတွင် ဘုရားရှင်ဟောကြားတော်မူခဲ့သည့် ပိဋကတ်သုံးပုံပါဠိတော်တို့အား သထုံမြို့ ရွှေစာရံဘုရား ပရိဝုဏ်အတွင်း ကျောက်ချပ်ရေ(၃၀၀၀)ကျော်ခန့် ထုလုပ်ပူဇော်ခြင်း၊ အဋ္ဌကထာ၊ ဋီကာများကို (ဥ၊ ဒေ၊ တ၊ ယံ)အက္ခရာသင်္ကေတနှင့်အညီ ကျောက်ချပ်ရေ(၁၇၇၄)ချပ် ကျောက်ထက်အက္ခရာတင်ကာ မန္တလေးမြို့‘စန္ဒာမုနိ’စေတီတော်ပရိဝုဏ်တွင် စိုက်ထူလှူဒါန်းတော်မူခဲ့သည်။

ရသေ့ကြီးဦးခန္တီ ဦးဆောင်၍ မြန်မာနိုင်ငံအတွင်းမှ ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူများနှင့် မြင်အပ်၊ မမြင်အပ်သော ပုဂ္ဂိုလ်များမှ လှူဒါန်းကြသော အလှူငွေများမှာ ရွှေတစ်ကျပ်သားလျှင် ‘ဆယ့်နှစ်ကျပ်’(၁၂/-)မှ တန်ဖိုးရှိသော ခေတ်ကာလမှာပင် ငွေကျပ်(၅၅)ကုဋေကျော် ရှိသည်ဟု ပညာရှင်များမှ သတ်မှတ်ကြပါသည်။

ရသေ့ကြီးသည် ဘုရားသာသနိကအဆောက်အအုံများဖြစ်သည့် စေတီ၊ ပုထိုး၊ ဘုရား၊ ကျောင်း၊ ကန်၊ စောင်းတန်းများ လှူဒါန်း သကဲ့သို့ ဘုရားရှင်ဟောကြားခဲ့သော တရားဒေသနာတော်တို့ကို ပိဋကတ်တော်စာအုပ်များအဖြစ် ရိုက်နှိပ်ရန်အတွက် ခရစ်နှစ်(၁၉၁၉)ခုနှစ်၊ မြန်မာသက္ကရာဇ်(၁၂၈၁)ခုနှစ်တွင် အမေရိကန်နိုင်ငံထုတ် စာပုံနှိပ်စက်ကြီးနှင့်ဆက်စပ်ပစ္စည်းများကို မှာယူပြီး (မန္တလေးတောင်ပိဋကတ်စာပုံနှိပ်တိုက်ကြီး)ဟူ၍ စီစဉ်ဆောင်ရွက်တော်မူခဲ့ပါသည်။ ရသေ့ကြီးသည် မိုးထိဆရာတော်ကြီးအား လျှောက်ထားတောင်းပန်၍

(၁) နိကာယ်ငါးရပ်ပါဠိတော်များ၏ နိဿယပြန်

(၂) အဋ္ဌကထာနိဿယပြန်

(၃) ဝိနည်းလေးစောင်

(၄) ကင်္ခါအဋ္ဌကထာ

(၅) ဋီကာကျော်

(၆) သဒ္ဒါကြီး

(၇) သင်္ဂြိုဟ်

(၈) ဘိက္ခုပါတိမောက် နိဿယကျမ်းများကို ရသေ့ကြီး၏ မန္တလေးတောင်ပိဋကတ်စာပုံနှိပ်တိုက်ကြီးမှ ထုတ်ဝေနိုင်ခဲ့သည်။ ယင်းပုံနှိပ်တိုက်ကြီး၏ အကြီးအမှူးတိုက်အုပ်ကြီးမှာ မြန်မာပညာရှိ စာဆိုတော်‘ယင်းခဲမောင်မောင်’အမည်ရ ပုဂ္ဂိုလ်ကြီးဖြစ်ပေသည် ရသေ့ကြီးသည် ထိုခေတ်ထိုကာလထက်ရှေ့သို့ ကြိုမြင်တတ်သည့် ခေတ်မီသော အရှင်သူမြတ်ကြီးပင် ဖြစ်ပါသည်။

ရသေ့ကြီးဦးခန္တီသည် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရာတွင် သစ်သားများကို အသုံးမပြုဘဲ အင်္ဂလိပ်ကုမ္ပဏီများမှ H beam, U beam သံထည်ဟင်းဂလိုင်းများကိုသာ အသုံးပြုတည်ဆောက်ထားခဲ့သဖြင့် ယနေ့ အကောင်းပကတိမျှ တည်ရှိနေသော ရသေ့ကြီး၏ ကောင်းမှုများကို တွေ့ရှိသိမြင်နိုင်ပါသည်။ ၎င်းပြင် သွပ်ပြားကို ပုံဖော်ထားသည့် ပန်းကနုတ်များ၊ စာတမ်းများကိုလည်း ရသေ့ကြီးတီထွင်ပြုလုပ်ခဲ့ရာ မန္တလေးတောင်၊ သုဓမ္မာဇရပ်တန်း၊ အာနန္ဒာဘုရားများတွင် တွေ့မြင်နိုင်ပါသည်။ နိုင်ငံတော်၏ သစ်တောထွက် သယံဇာတများကို မသုံးခြင်းဖြင့် ရသေ့ကြီးသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စတွင် ရှေးဦးလမ်းပြခဲ့သော ခေတ်မီပုဂ္ဂိုလ်ထူးကြီး ဖြစ်ပေသည်။

ရသေ့ကြီးသည် ဒုတိယကမ္ဘာစစ်အတွင်း ပျက်စီးခဲ့သော မိမိပြုလုပ်ဆောင်ရွက်ခဲ့သည့် သာသနိကအဆာက်အအုံများနှင့် အခြားသော သာသနိက စေတီပုထိုး၊ ဘုရားကျောင်းကန်များကို စစ်ပြီးခေတ်တွင် အလျင်အမြန် ပြန်လည်ပြုပြင် တည်ဆောက်နိုင်ခဲ့ပါသည်။ ခရစ်နှစ် ၁၉၄၅ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် မဟာမိတ်တပ်ပေါင်းစုနှင့် ဂျပန်တပ်တို့၏ မန္တလေးတောင်တိုက်ပွဲတွင် ပျက်စီးသွားသော မန္တလေးတောင်တော်မှ သာသနိကအဆောက်အအုံများ၊ မန္တလေး မြို့တည်၊ နန်းတည်သတ္တဌာန၊ ခုနစ်ဌာနအဝင် အဆောက်အအုံများအား အလျင်အမြန်ပြုပြင်ရေး၊ ပြုပြင်ရန်လျာထားသတ်မှတ်ရေးများကို မြို့နေလူထုနှင့် သံဃာတော်အရှင်သူမြတ်တို့အား တိုင်ပင်နှီးနှောလျှောက်ထား၍ အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ပါသည်။

ဤကဲ့သို့ မြတ်ဗုဒ္ဓ၏ သုံးရပ်သော သာသနာတော်မြတ်၏ အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူခဲ့သဖြင့် ရသေ့ကြီးဦးခန္တီ အရှင်သူမြတ်ကြီးအား မြန်မာနိုင်ငံတော်၏ သာသနာ့ဥသျှောင် ဆရာတော်ကြီးမှ (သာသနဟိတဓဇနာယက)ဘွဲ့တံဆိပ်တော်အား ချီးမြှင့်တော်မူခြင်းခံယူရသကဲ့သို့ ထိုစဉ်က မြန်မာနိုင်ငံအား အုပ်စိုးလျက်ရှိသော ဗြိတိသျှအင်ပါယာအစိုးရအဖွဲ့မှလည်း ရသေ့ကြီးဦးခန္တီအရှင်သူမြတ် မြန်မာနိုင်ငံတော်အတွင်း အနယ်နယ်အရပ်ရပ် သာသနာပြုခရီးစဉ်များတွင် သွားလာစီးနင်းမည့် ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း ခရီးစဉ်များကို အလွယ်တကူ သွားလာနိုင်ရန် တပည့်သာဝကများနှင့်အတူ အခမဲ့ သွားလာနိုင်ရန် ခွင့်ပြုလက်မှတ်ဆက်ကပ်လှူဒါန်းခြင်းနှင့် ရသေ့ကြီးတည်ထားပြုပြင်ခဲ့သော ဘုရားစေတီများ၏ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးများကိုလည်း မည်သည့်ခွင့်ပြုမိန့်များကိုမှ မလိုအပ်ဘဲ ကျင်းပခွင့်အထူးအခွင့်အရေးများကို ဆက်ကပ်ပူဇော်ခဲ့ပါသည်။

ဤကဲ့သို့ မြတ်ဗုဒ္ဓ၏သာသနာတော်သုံးရပ်နှင့်တကွ သာသနာတော်အမှီပြုရာ သာသနိကအဆောက်အအုံများစွာတို့ကို သက်တော်နှင့်အလျောက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် သာသနဟိတဓဇနာယကဘွဲ့တော်ခံရသည့် ရသေ့ကြီးဦးခန္တီအရှင်သူမြတ်သည် ကောဇာသက္ကရာဇ် ၁၃၀၇ ခုနှစ်တွင် လေငန်းရောဂါဖြင့် ကိုယ်တစ်ခြမ်းသေရောဂါစွဲကပ်ခဲ့ရပါသည်။ ထိုသို့ ရောဂါဝေဒနာ ခံစားနေရသော်လည်း သာသနာပြုလုပ်ငန်းများ၊ အလှူခံရာ စီမံဆောင်ရွက်ရာနေရာဖြစ်သော မန္တလေးတောင်တော် ‘ဖြန့်ကြီးဓမ္မာရုံကြီး’သို့ တပည့်များ တွဲကူ၍လည်းကောင်း၊ ထမ်းစင်ဖြင့် ထမ်းစေခြင်းဖြင့်လည်းကောင်း တက်ရောက်ကာ သာသနာပြုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

ဤကဲ့သို့ ဗုဒ္ဓဘုရားရှင်၏ သာသနာတော်သုံးရပ်နှင့်တကွ သာသနိကအဆောက်အအုံများကို သူမတူအောင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော သာသနဟိတဓဇနာယကဘွဲ့တော်ခံ ရသေ့ကြီးဦးခန္တီအရှင်သူမြတ်သည် ကောဇာသက္ကရာဇ် ၁၃၁၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်၊ ခရစ်နှစ် ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက် ညတွင် တစ်ဘဝတစ်ခန္ဓာချုပ်ငြိမ်းတော်မူခဲ့ပါသည်။ မြတ်ဗုဒ္ဓဘုရားသခင်၏ သာသနာတော်သုံးရပ်အား ပြုစုတော်မူခဲ့သော ရသေ့ကြီးဦးခန္တီ လွန်တော်မူခဲ့သည်မှာ ယခုမှတ်တမ်းပြုစုသော ကောဇာသက္ကရာဇ် ၁၃၈၆ ခုနှစ်တွင် (၇၆)နှစ်ရှိခဲ့ပေပြီ။

‘သာသနဟိတဓဇနာယက’ဘွဲ့တော်ခံ ရသေ့ကြီးဦးခန္တီ၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်အလောင်းတော်ကို မြို့နေလူထုမှ ကြီးကျယ်ခမ်းနားစွာ ကျင်းပလိုကြသော်လည်း ထိုအချိန်၊ ထိုအခါသမယသည် (KNDO)အမည်ခံ ကရင်တပ်မှ မန္တလေးမြို့အား သိမ်းပိုက်ထားပြီး ‘ဗိုလ်မှူးကြင်’ဦးဆောင်သော မြန်မာ့တပ်မတော်က စစ်ကိုင်းမြို့တွင် တပ်စွဲ၍ တိုက်ပွဲများ ဆင်နွှဲနေသော ကာလဖြစ်ပေရာ ရသေ့ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား မှန်စီရွှေချခေါင်းတလားကြီးဖြင့် ဆေးများစီရင်ကာ ယနေ့ကာလ မန္တလေးတောင်အတက် ကားလမ်းအစ ကုသိနာရုံ အင်ကြင်းတောမြတ်စွာဘုရားကျောင်းပြာသာဒ်အဆောင်၏ အနောက်ဘက်ခြမ်းတွင် ထားရှိခဲ့ရသည်။ ရသေ့ကြီး၏ ဥတုဇရုပ်ကလာပ်အား နှစ်နှစ်နှင့်တစ်လကျော်ကြာပြီး ကောဇာသက္ကရာဇ် ၁၃၁၂ ခုနှစ်၊ တပို့တွဲလဆန်း ၈ရက်မှစ၍ တပို့တွဲလပြည့်နေ့အထိ ပူဇော်ကြကာ ခမ်းနားသိုက်မြိုက်စွာ ကျင်းပ၍ အဂ္ဂိဈာပနမီးသင်္ဂြိုဟ်မှုပြုခဲ့ကြပါသည်။

သာသနာပြုပုဂ္ဂိုလ်ကျော် ရသေ့ကြီးဦးခန္တီ၏ ဥတုဇရုပ်ကလာပ်အား မန္တလေးတောင်တော်ကြီး အနောက်တောင်ဘက်ရှိ (Queen Victoria Memorial park)ဟု အမည်တွင်သည့် ဝိတိုရိယဘုရင်မပန်းခြံဟု အမည်ရကျယ်ပြန့်သော ကွက်လပ်ကြီးတွင် ကျင်းပခဲ့ပါသည်။ ရသေ့ကြီး၏ ဈာပနကိစ္စကျင်းပပြီးသည့် ထိုနေရာကို‘ဦးခန္တီဈာပနကွင်း’ဟူ၍ အမည်တွင်ခဲ့ပါသည်။ ထို့နောက် ခရစ်နှစ် ၁၉၅၉ ခုနှစ်တွင် ရတနာပုံမြို့တည်နန်းတည် အနှစ်(၁၀၀)ပြည့်ပွဲတော်ကြီးအား ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့ကြရာတွင် ‘မန်းရာပြည့်ကွင်း’ဟူ၍ မန္တလေးမြို့သူ၊ မြို့သားများမှ သတ်မှတ်ခေါ်တွင်ခဲ့ကြပါသည်။ ခရစ်နှစ် (၁၉၉၀) ပြည့်နှစ်နောက်ပိုင်းတွင် ထိုနေရာကို ‘ရတနာပုံတိရစ္ဆာန်ဥယျာဉ်’အဖြစ် တည်ဆောက်ခဲ့ကြပါသည်။

‘သာသနဟိတဓဇနာယက’ဘွဲ့တော်ခံရသေ့ကြီး ဦးခန္တီအရှင်မြတ်သည် ယခုမှတ်တမ်းပြုစုရေးသားသည့် ကောဇာသက္ကရာဇ် ၁၃၈၆ ခုနှစ်တွင် သက်တော် ၁၅၇ နှစ်၊ မန္တလေးမြို့၊ မန္တလေးတောင်တော်အခြေပြု၍ သာသနာပြုခဲ့သောနှစ် ၁၁၇ နှစ်၊ သာသနာပြုပုဂ္ဂိုလ်ကျော် ရသေ့ ကြီး ဦးခန္တီ တစ်ဘဝ၊ တစ်ခန္ဓာလွန်တော်မူခဲ့သော နှစ်(၇၆)နှစ်ရှိပြီဖြစ်သော်လည်း ရသေ့ကြီးဆောင်ရွက်ခဲ့သည့် သာသနိက အဆောက်အအုံများနှင့် စေတီ၊ ပုထိုး၊ ဘုရား၊ ကျောင်း၊ ကန်၊ စောင်းတန်းများမှာ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်တို့တွင် တည်တံ့ခိုင်မြဲလျက်ရှိနေပါကြောင်း အထက်နတ်ရပ်ဌာနတွင် ရောက်ရှိလျက် ရှိနေသော ‘တာပသနတ်မင်း’ကြီးအား ရှိခိုးကန်တော့၍ အမျှမေတ္တာပေးဝေကြပါသည်ဘုရား……။ ။

**ရသေ့ကြီး ဦးခန္တီ လွန်တော်မူခြင်း (၇၆)နှစ်ပြည့် ပူဇော်ကန်တော့ပါသည်။**

**ဇော်မြင့်ဝေ(ယောမင်းကြီး)**

# အမြို့မြို့အနယ်နယ်တွင် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲများ ကျင်းပ



**ပွင့်ဖြူ ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့က ပွင့်ဖြူမြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းလင်းအောင်က ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျောင်းသား၊ ကျောင်းသူများ ပညာရည်ထူးချွန်ထက်မြက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်ရမည့် ပညာရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်သိန်းက ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် ကျောင်းသား၊ ကျောင်းသူများ ဘက်စုံထူးချွန်ထက်မြက်စေရေး ဆရာ၊ မိဘပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းများ၊ နှစ်စဉ်ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းလင်းအောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ခရိုင်နှင့် မြို့နယ်အဆင့် အင်္ဂလိပ်စာ၊ သင်္ချာ၊ စာစီစာကုံးပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများ၊ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများ၊ စုစုပေါင်း ဆုရကျောင်းသား၊ ကျောင်းသူ ၆၈ ဦးနှင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း (Green and Clean School ) ဆုရရှိသည့် အခြေခံပညာကျောင်းများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက အကပဒေသာ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆုရကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၄၅)



**စဥ့်ကိုင် ဇန်နဝါရီ ၈**

နိုင်ငံတော်မှ တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ လူတိုင်း လက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် လူငယ်ကဏ္ဍများကို အဓိကထားမြှင့်တင်ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ် အ.လ.က (မိုးကောင်း)တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ဦး၊ အ.လ.က(မိုးကောင်း) ကျောင်းအုပ်ဆရာကြီး ဦးဝင်းကိုနှင့်ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက "ပညာရေးစုံညီပွဲတော်"သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ ထို့နောက် မြို့နယ်ပညာရေးမှူးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ အ.လ.က (မိုးကောင်း)မှ ကျောင်းအုပ်ဆရာကြီးက စာသင်ကျောင်း၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးကြသည့် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျောင်းအကျိုးတော်ဆောင်များနှင့်တာဝန်ရှိသူများကို ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ပညာသင်နှစ်အတွင်း ကာယ၊ ဉာဏ ထူးချွန်ဆုရရှိခဲ့သော ကျောင်းသား၊ ကျောင်းသူများနှင့် အလှူရှင်များအား ပညာရည်ချွန်ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ၎င်းနောက် တက်ရောက်လာကြသူများအား ကျောင်းသား၊ ကျောင်းသူများက တေးသရုပ်ဖော် အကအလှများဖြင့် ဧည့်ခံဖျော်ဖြေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၉၉)

**ကျောက်ဆည် ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ အမှတ်(၇)မူလတန်း(လွန်) ကျောင်းတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၇ရက် နံနက် ၉နာရီက အဆိုပါကျောင်း တန်းစီကွင်းတွင် ကျင်းပခဲ့သည်။



အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်က ကျောင်းသား၊ ကျောင်းသူများ ပိုမိုရင်းနှီးစေရန်၊ ကျောင်းနေပျော်၍ စာပေတော်သော၊ ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ထက်မြက်သော၊ အချင်းချင်းလေးစား အတုယူစေရန် ဆုပေးပွဲများ ကျင်းပပေးခြင်းဖြစ်ကြောင်း အမှာစကားပြောကြားခဲ့ပြီး Grade-5 မှ စာပေထူးချွန်သူများအား ဂုဏ်ပြုဆုများချီးမြှင့်ခဲ့သည်။

ထို့နောက် လက်ထောက်ဆရာ၊ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်များမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျင်းပသည့် ဉာဏစွမ်းရည် စာပေပြိုင်ပွဲများ၊ ကာယစွမ်းရည် အားကစားပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ၊ ပန်းချီပြိုင်ပွဲများတွင် အတန်းစဉ်အလိုက်ဆုရရှိသူများအား ဆုများအသီးသီး ဂုဏ်ပြုချီးမြှင့်ခဲ့ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

(၄၈၅)

**မန္တလေး ဇန်နဝါရီ ၈**

အောင်ပန်းမြေကိုယ်ပိုင်မူလတန်းကျောင်း(ချမ်းအေးသာစံ)၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယမန်နေ့ နံနက် ၉နာရီခွဲက မန္တလေး ချမ်းအေးသာစံမြို့နယ် အောင်ပန်းမြေကိုယ်ပိုင်မူလတန်းကျောင်း (ချမ်းအေးသာစံ)ခန်းမတွင် ကျင်းပရာ ချမ်းအေးသာစံမြို့နယ် ဒုတိယပညာရေးမှူး ဦးသူရိန်ဖိုး၊ အောင်ပန်းမြေကျောင်းကော်မတီဥက္ကဋ္ဌ ဦးရန်အောင်၊ ကျောင်းပေါင်းကျောင်းအုပ်ကြီး ဦးခင်မောင်စော၊ ဒုတိယဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ ကြီးကြပ်ရေးမှူးချုပ်နှင့် ကြီးကြပ်ရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ မိဘများ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများ စုံညီစွာ တက်ရောက်ကြသည်။

ထို့နောက် အောင်ပန်းမြေကျောင်းကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကျောင်းပေါင်းကျောင်းအုပ်ကြီး၊ ကျောင်းကော်မတီဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်ရဲနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဥမ္မာကြည်တို့က ကျောင်းနှင့်ပတ်သက်သော ကိစ္စရပ်များအား ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်း အစီအစဉ်အဖြစ် အားကစားဆုများ၊ ပညာရေးဆိုင်ရာ စာပေ၊ ပန်းချီ၊ ကဗျာရွတ်ဆိုခြင်း ဆုများအား ပေးအပ်ချီးမြှင့်ရာ မြို့နယ်ဒုတိယပညာရေးမှူး၊ ကျောင်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပညာရေးစုံညီပွဲတော်တွင် ကျောင်းသူ၊ ကျောင်းသားများက အနုပညာစွမ်းရည်၊ ကာယပညာစွမ်းရည်များအား ပြသခဲ့ကြပြီး မိဘများ၏ အကြံပြုချက်များအား ကျောင်းအုပ်ဆရာမကြီးက ပြန်လည်ရှင်းလင်းတင်ပြကာ ကျောင်းပေါင်းကျောင်းအုပ်ကြီးက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)



**အမရပူရ ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၌ မြို့နယ်အဆင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အ-ထ-က(၁)ကျောင်း အမရအောင်မြေခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် အ-ထ-က(၁)ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုပါသည် စုံညီပွဲတော် သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုလင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ထားထားစိန်းက စုံညီပွဲတော်ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူးနှင့်ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများက ကျောင်းဥပဓိရုပ်ကောင်းမွန်မှုကျောင်းဆု၊ ကမ္ဘာ့ဆရာများနေ့၊ Clean and Green၊ ၂၀၂၄ခုနှစ် တက္ကသိုလ်ဝင်အောင်ချက် အကောင်းဆုံးကျောင်း၊ ICT၊ မူးယစ်ဆုရရှိသူများ၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့၊ ကမ္ဘာ့ဆရာများနေ့၊ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့၊ မြန်မာ့ရိုးရာ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ၊ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုရရှိသူများ၊ နွေရာသီအခြေခံပန်းချီသင်တန်း၊ (၇၇)နှစ်မြောက် အာဇာနည်နေ့ ဆုရရှိသူများ၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့၊ ကျောင်းကျန်းမာရေးနေ့၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဆုရရှိသူများ၊ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲဆုရရှိသူများနှင့်လူရည်ချွန်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အခြေခံပညာကျောင်းများမှ ခင်းကျင်းပြသထားသော သင်ထောက်ကူပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

(၀၈၄)

# ၂၀၂၅ ခုနှစ်၏ ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး ပြုလုပ်




**စစ်ကိုင်း ဇန်နဝါရီ ၈**

၂၀၂၅ ခုနှစ်၏ ပထမဦးဆုံးအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးကို ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် ကုမ္ပဏီလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

'ကော်မတီအဖွဲ့ဝင်များအနေနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်တွေ ထပ်မံဝင်ရောက်အောင် ဖိတ်ခေါ်တာအပြင် ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ နှောင့်နှေးကြန့်ကြာမှု မရှိစေဖို့အတွက် လုပ်ငန်းရှင်တွေနဲ့ ပေါင်းစပ်ကူညီဆောင်ရွက်ပေးသွားကြဖို့ လိုအပ်ပါတယ်။ အခုဘဏ္ဍာနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်တာအပါအဝင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုပမာဏ ငွေကျပ် ၁၉၉၆၄ ဒသမ ၈၀၀ သန်း ဝင်ရောက်ထားပြီး ရင်းနှီးမြှုပ်နှံမှုတွေ တိုးမြှင့်ဝင်ရောက်လာစေဖို့ ကော်မတီအဖွဲ့ဝင်တွေက အားပေးဖိတ်ခေါ်သွားကြဖို့ လိုအပ်ပါတယ်' ဟု ဝန်ကြီးချုပ် ဦးမြတ်ကျော်က ပြောသည်။

ဆက်လက်၍ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဆင့်ဆင့်သန်းက ယခင် အစည်းအဝေးဆုံးဖြတ်ချက်များ၏ ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့အတွင်း စိစစ်ကြပ်မတ်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များက မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ပေးသွားမည့် အခြေအနေများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(၃၉၄)**



# ပြဟ္မစိုရ်လူမှုကူညီရေးအသင်း(မန္တလေး) (၁/၂၀၂၅)လပတ်အစည်းအဝေး ကျင်းပ

**မန္တလေး ဇန်နဝါရီ ၈**

ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း(မန္တလေး) (၁/၂၀၂၅) လပတ် အစည်းအဝေးကို ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၃နာရီအထိ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ၆၂လမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြားရှိ အဆိုပါ အသင်းရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင် ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း(မန္တလေး) ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာငြိမ်းငြိမ်း၊ အတွင်းရေးမှူး ဦးမောင်မောင်တာနှင့် အမှုဆောင်များ တက်ရောက်ကြသည်။ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးမောင်မောင်တာက ဆောင်ရွက်ပြီး ဥက္ကဋ္ဌပါမောက္ခဒေါက်တာငြိမ်းငြိမ်းက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားသည်။ထို့နောက် ဒုတိယဥက္ကဋ္ဌများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ မျက်စိခွဲစိတ်ကုသမှုများ၊ သဘာဝဘေးကူညီမှုများ၊ နာရေးကိစ္စများတွင် ကူညီဆောင်ရွက်ပေးမှုများကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူးက အလှူငွေရရှိမှုများ၊ ရသုံးငွေစာရင်းနှင့် ဆေးပစ္စည်းဝယ်ယူမှုများကိုလည်းကောင်း၊ စာကြည့်တိုက်အဖွဲ့ခေါင်းဆောင်က ဖြဟ္မစိုရ်စာကြည့်တိုက်သို့ သုတရသစာအုပ်များ လှူဒါန်းရရှိမှုကိုလည်းကောင်း တင်ပြကြသည်။

ထို့နောက် တက်ရောက်လာသော အသင်းအလုပ်အမှုဆောင်များက ကဏ္ဍအလိုက် ရှေ့လုပ်ငန်းစဉ်များတင်ပြကြပြီး အသင်းဥက္ကဋ္ဌက တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၄၅)**

# မန္တလေးမြို့တွင် ပထမဆုံးလက်မောင်းလုံ့ပြိုင်ပွဲ ဝိတ်တန်းအလိုက်ကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၈**

မြန်မာနိုင်ငံ၏ ပထမဆုံး လက်မောင်းလုံ့ပြိုင်ပွဲ စီစဉ်သူ (KLK Armwrestling Mya-nmar)နှင့် မေမေဂျယ်လီ၊ အချိုရည်ကုမ္ပဏီတို့ပူးပေါင်း၍ လက်မောင်းလုံ့ပြိုင်ပွဲကို မန္တလေးမြို့ ဗထူးမိုးလုံလေလုံ အားကစားခန်းမအတွင်းတွင် ဇန်နဝါရီ ၁၂ ရက် နံနက် ၉နာရီမှ ညနေ ၃နာရီအထိ ကျင်းပသွားမည်။

ပြိုင်ပွဲတွင် ၆၀ကီလို အောက်တန်း၊ ၆၀ ကီလို-၇၀ ကီလို တန်း၊ ၇၀ကီလို အထက်တန်းများ ပါဝင်မည်ဖြစ်ပြီး ၆၀ကီလိုအောက်တန်းအတွက် ပထမဆုငွေကျပ် ၃၅သိန်း၊ ဒုတိယငွေကျပ် ၂၅ သိန်း၊ တတိယငွေကျပ် ၁၅သိန်း၊ ၆၀ကီလို-၇၀ကီလိုတန်းအတွက် ပထမဆုငွေကျပ် သိန်း ၂၀၊ ဒုတိယဆု ငွေကျပ် ၁၅သိန်း၊ တတိယဆု ငွေကျပ် ၁၀သိန်း၊၇၀ကီလို အထက်တန်းအတွက် ပထမဆု ငွေကျပ် သိန်း ၂၀၊ ဒုတိယဆု ငွေကျပ် ၁၅ သိန်း၊ တတိယဆု ငွေကျပ် ၁၀ သိန်း ချီးမြှင့်သွားမည်ဖြစ်ပြီး ပြိုင်ပွဲစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို KLK Armwrestling Myammar တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ဖုန်း ၀၉-၇၈၆၈၆၇၁၇၅(Viber) သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

**မောင်ပြည်သူ(မန္တလေး)**




# ခရိုင်အဆင့် လူရည်ချွန်ရွေးချယ်စာမေးပွဲ ကျင်းပ

**တန့်ယန်း ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ်တွင်၂၀၂၄-၂၀၂၅ ပညာသင်နှစ်၏ ခရိုင်အဆင့် လူရည်ချွန် ရွေးချယ်စာမေးပွဲကို ယနေ့ နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါ၂၀၂၄-၂၀၂၅ပညာသင်နှစ်၏ အခြေခံပညာ ခရိုင်အဆင့် လူရည်ချွန်ရွေးချယ် စာမေးပွဲကို ခရိုင်ပညာရေးမှူး ဦးကြည်လွင်နှင့် တာဝန်ရှိသူကကြီးကြပ်၍ မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ ဘာသာရပ်များနှင့် လူတွေ့နှုတ်ဖြေတို့ကို ကျင်းပရွေးချယ်ကြရာ တန့်ယန်းမြို့နယ်နှင့် မိုင်းရယ်မြို့နယ်တို့မှ ဒွါဒသမတန်း၊ ဧကာဒသမတန်း၊ ဒသမတန်း၊ နဝမတန်းများမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၄ ဦး ပါဝင်ယှဉ်ပြိုင်ဖြေဆိုကြကြောင်း သိရသည်။



**(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*

# မန္တလေးဈေးကွက်တွင် ကွမ်းသီး၊ ကွမ်းရွက်ဈေးကောင်းနေ

**မန္တလေး ဇန်နဝါရီ ၈**

မန္တလေးဈေးကွက်တွင် ကွမ်းသီး၊ ကွမ်းရွက်အဝင် နည်းလာသောကြောင့် ဈေးကောင်းနေကြောင်း ကွမ်းပစ္စည်းဆိုင်များထံက သိရသည်။

ကွမ်းသီး၊ ကွမ်းရွက်ကို မန္တလေးဝန်းကျင် ကျောက်ဆည်ဒေသ၊ မတ္တရာဒေသများတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြပြီး မန္တလေးဈေးကွက်သို့ တင်ပို့ရောင်းချလေ့ရှိသည်။ ထို့ပြင် မန္တလေးဈေးကွက်သို့ ကွမ်းသီးကို မြိတ်ဒေသမှ အများဆုံးဝင်ရောက်နေခြင်းဖြစ်ပြီး ကွမ်းရွက်မှာ နယ်စုံမှ ဝင်ရောက်နေခြင်းဖြစ်ရာ ဒီဇင်ဘာလဆန်းပိုင်းကတည်းက တဖြည်းဖြည်း ဈေးမြင့်တက်ခြင်း ဖြစ်သည်။

ဇန်နဝါရီလဆန်းပိုင်း မန္တလေးဈေးကွက်တွင် ကွမ်းသီးစိတ်အမျိုးအစားအလိုက် တစ်ပိဿာလျှင်ငွေကျပ် ၁၄၀၀၀၀ ၁၇၀၀၀၀-၁၈၀၀၀၀ အသီးသီး ပေါက်ဈေး ရှိနေသည်။

ကွမ်းရွက်မှာ နေအပူချိန်လျော့ကျသည့် ဆောင်းရာသီတွင် အထွက်နှုန်း ကျဆင်းလေ့ရှိရာ ဇန်နဝါရီလဆန်းပိုင်းတွင် မန္တလေးဈေးကွက်သို့ ကွမ်းရွက်အဝင်နည်းလာသောကြောင့် ဈေးမြင့်တက်လျက်ရှိရာ မန္တလေးဈေးကွက်တွက် ကွမ်းရွက်(သေး/ကြီး)တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ မှ ၁၄၀၀၀၊ ကွမ်းရွက်(ရှယ်)တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀၀ မှ ၂၃၀၀၀ ထိ ပေါက်ဈေးရှိနေသည်။

မန္တလေးဈေးကွက်တွင် ဒီဇင်ဘာလဆန်းပိုင်းမှစတင် မြင့်တက်လာသည့် ကွမ်းသီး၊ ကွမ်းရွက်ဈေးမှာ ဇန်နဝါရီလဆန်းပိုင်းထိ ဆက်လက်မြင့်တက်နေသောကြောင့် လက်လီကွမ်းဆိုင်များမှာ ကွမ်းယာအရေအတွက် လျှော့ချရောင်းနေကြောင်း ကွမ်းယာဆိုင်များမှ သိရသည်။

**(အောက်ပုံ) ရွှေမန်း**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ သစ်ပင်သစ်တောစိုက်ပျိုးခြင်းများဖြင့် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက်လျှော့ချနိုင်သဖြင့် ဒေသအသီးသီးရှိ ကျေးရွာအုပ်စုများအလိုက် သစ်တောစိုက်ခင်းများ စိုက်ပျိုးပြီး နိုင်ငံတစ်ဝန်း၌ သစ်ပင်သစ်တောများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လို…

❖ သစ်တောပြုန်းတီးမှုများ မရှိစေရေးအတွက်လည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# အခြေခံမဲစာရင်းတွင် ပါဝင်ရမည့်လူဦးရေစာရင်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဇန်နဝါရီ ၈

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် အိမ်ထောင်စုအမှတ်စဉ်များ ဖြည့်သွင်းနိုင်ရေးနှင့် လူဦးရေစာရင်းများ မြေပြင်စိစစ်အတည်ပြုနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ထည့်သွင်းပြုစု

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲအတွက် အဘက်ဘက်မှ အသင့်ဖြစ်နေစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲတစ်ခုတွင် မဲစာရင်းပြည့်စုံမှန်ကန်ရေးသည် အဓိကကျပါကြောင်း၊ ကော်မရှင်အနေဖြင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးဗဟိုကော်မတီက ပေးပို့လာသည့် လူဦးရေစာရင်းများကို ဗဟိုမဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ် (CVLMS) အတွင်း ထည့်သွင်းပြုစုထားပြီးဖြစ်ပါကြောင်း။

ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းပြုစုရာတွင် မဲရုံအလိုက် ပြုစုရမည်ဖြစ်ပါကြောင်း၊ မဲရုံအလိုက် မဲစာရင်းများပြုစုရာ၌ မဲရုံတွင် မဲပေးရမည့်နယ်မြေသတ်မှတ်ချက်အတိုင်း ပြုစုရပါကြောင်း၊ နယ်မြေသတ်မှတ်သည့်အခါတွင်လည်း မဲဆန္ဒရှင်များ၏ နေရပ်လိပ်စာအပေါ် အခြေခံပြီး ခွဲဝေသတ်မှတ်ခြင်းဖြစ်ပါကြောင်း၊ နယ်မြေသတ်မှတ်ချက်တွင် ပါဝင်သည့် အိမ်ထောင်စုအားလုံးသည် အစီအစဉ်တကျပါဝင်ရန် လိုအပ်ပါကြောင်း၊ အစီအစဉ်တကျပါဝင်ရန်အတွက် အိမ်ထောင်စုအမှတ်စဉ်များ လိုအပ်ပါကြောင်း၊ အိမ်ထောင်စုအမှတ်စဉ်များသည် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုအတွင်းရှိ အိမ်အမှတ်၊ လမ်း၊ နယ်မြေ/အပိုင်း/ရွာခွဲများအလိုက် အစီအစဉ်တကျ ဖြစ်ရန်လိုအပ်ကြောင်း၊ သို့ဖြစ်၍ အိမ်ထောင်စုအမှတ်စဉ်များကို နေရပ်လိပ်စာအစဉ်အတိုင်း သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက ဖြည့်သွင်းဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရာတွင် ကော်မရှင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့သည် လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ မဲစာရင်းပြည့်စုံမှန်ကန်ရေး၊ မဲဆန္ဒရှင်များ အဆင်ပြေစွာ မဲပေးနိုင်ရေးနှင့် လူဦးရေစာရင်းများကို မြေပြင်စိစစ် အတည်ပြုနိုင်ရေးစသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည့်အတွက် အရေးကြီးသည့် လုပ်ငန်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများထံမှလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ တောင်းခံသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက မြေပြင်စိစစ်အတည်ပြုနိုင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ တင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲကော်မရှင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးလမ်းညွှန်မှုပြုသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးက အခြေခံလူဦးရေစာရင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်၊ တွေ့ရှိချက်များနှင့် လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အီလက်ထရောနစ်မှတ်ပုံတင်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များအပေါ် ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က သတ်မှတ်မဲရုံအလိုက် မဲစာရင်းပြုစုရာတွင် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏ အိမ်ထောင်စု အမှတ်စဉ်များ သတ်မှတ် ဖြည့်သွင်းနိုင်ရေး ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများမှ ရွေးကောက်ပွဲအရာရှိများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း ဗီယက်နမ်၊ တရုတ်တိုင်ပေ၊ မကာအိုအသင်းများနှင့် ယှဉ်ပြိုင်ကစားသွားမည်

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ဇန်နဝါရီ ၁၅ ရက်တွင် ဗီယက်နမ်၊ ဇန်နဝါရီ ၁၇ ရက်တွင် တရုတ်တိုင်ပေ၊ ဇန်နဝါရီ ၁၉ ရက်တွင် မကာအိုအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ဇန်နဝါရီ ၁၅ မှ ၁၉ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် 2025 AFC Women's Futsal Asian Cup Qualification အဖြစ်ပြိုင်ပွဲအကြို ပြင်ဆင်မှုအနေဖြင့် ဒီဇင်ဘာ ၁၅ ရက်မှစတင်၍ ကစားသမား ၂၁ ဦးဖြင့် စခန်းသွင်း လေ့ကျင့်မှုများ ပြုလုပ်ပြီးနောက် ပဏာမကစားသမား ၁၇ ဦး စာရင်းကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းတွင် အုပ်ချုပ်/နည်းပြ ၁၁ ဦး၊ ကစားသမား ၁၇ ဦးပါဝင်ပြီး ၂၀၂၅ အာရှဖလား အမျိုးသမီးဖူဆယ် ခြေစစ်ပွဲအုပ်စု(D)တွင် ဗီယက်နမ်၊ တရုတ်တိုင်ပေ၊ မကာအိုအသင်းများနှင့်အတူ ကျရောက်နေသည်။

ခြေစစ်ပွဲများကို အိမ်ရှင်နိုင်ငံများအဖြစ် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် ဥဇဘက်ကစ္စတန်တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ၁၉ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ ၅ သင်း သုံးအုပ်စုနှင့် ၄ သင်း တစ်အုပ်စုခွဲကာ ကျင်းပသွားမည်ဖြစ်သည်။

ခြေစစ်ပွဲအုပ်စု ၄ ခုမှ ထိပ်ဆုံးရပ်တည်မှု ၂ သင်းစီ (၈ သင်း)နှင့် အုပ်စု ၄ ခုမှ အကောင်းဆုံးအုပ်စု တတိယရအသင်း စုစုပေါင်း ၉ သင်း ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။

၂၀၂၅ အာရှဖလား အမျိုးသမီး ဖူဆယ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် တရုတ်၊ ၂၀၁၈ ပြိုင်ပွဲ ချန်ပီယံ အီရန်နှင့် ဒုတိယရ ဂျပန်တို့မှာ တိုက်ရိုက်ဝင်ခွင့်ရခဲ့ပြီး ခြေစစ်ပွဲအောင် ၉ သင်း၊ စုစုပေါင်းအသင်း ၁၂ သင်းဖြင့် မေ ၇ မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(NGB)